# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ နတ်တော်လကွယ်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 21 December 2022 ၁၀၉၅၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိမိတို့အားလုံး မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီခိုင်မာရေး ဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း စသည့် အခြေခံလိုအပ်ချက်များကို ဖြစ်ပေါ်စေရေးအတွက် တရားရေးကဏ္ဍသည် အလွန်အရေးကြီး

## တရားစီရင်ရေးကဏ္ဍတွင် တိုးတက်ပြောင်းလဲမှုများဖြစ်စေရန် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်လျက်ရှိ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်တရားလွှတ်တော်အဆောက်အအုံသစ်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၀

မွန်ပြည်နယ် တရားလွှတ်တော်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အဆိုပါရုံးနေရာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ယနေ့ ဖတ်စရာ

NUG/PDF အဖွဲ့တို့၏ ရက်စက်ယုတ်မာသော တမူးအကြမ်းဖက်မှုဖြစ်စဉ်
ဆောင်းပါး စာမျက်နှာ » ၆

မြန်မာ့မီးရထားမှ မန္တလေး-လားရှိုး လမ်းပိုင်းရှိ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ခရီးစဉ် RBE ရထားများ ပြေးဆွဲပေးမည်
စာမျက်နှာ » ၁၁



လာအိုနိုင်ငံ၏ နိုဝင်ဘာလအတွင်း ကုန်သွယ်ရေးလိုငွေပြမှု အမေရိကန်ဒေါ်လာ ၄၅ သန်းရှိ
စာမျက်နှာ » ၁၃



# ကြေးမုံ

## သုတေသနရှာဖွေမှုဖြင့် နိုင်ငံအကျိုးပြု

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ (၂၂)ကြိမ်မြောက် သုတေသနညီလာခံကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ သုံးရက်တာကျင်းပခဲ့သည်။ သုတေသနညီလာခံသည် တက္ကသိုလ်၊ ကောလိပ်များ၊ ပုံမှန်သင်တန်းများဖွင့်လှစ်နိုင်သည့်အတွက် ပြုလုပ်နိုင်ခြင်းဖြစ်ပြီး အဆင့်မြင့်ပညာကဏ္ဍတွင် ဖွင့်လှစ်သင်ကြားနေသော ဘာသာရပ် ၃၂ မျိုး ရှိသည့်အနက် ဘာသာရပ် ၂၄ မျိုးမှ သုတေသနစာတမ်း ၂၄၃ စောင်ကို ဖတ်ကြားဆွေးနွေးနိုင်ခဲ့သည်။

သုတေသနသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းအောင်မြင်ရေးအတွက် များစွာအထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရပ်ဆိုင်ရာဘာသာရပ်များကို စာတွေ့သာမက ကွင်းဆင်းလေ့လာ သုတေသနပြုလုပ်ကြပြီး လက်တွေ့နယ်ပယ်နှင့်ပေါင်းစပ်ကာ အကျိုးဖြစ်ထွန်းလာအောင် ပြုလုပ်ကြသည်။ သုတေသနကို အဓိကအားပြု၍ ဆောင်ရွက်ကြသောကြောင့် နိုင်ငံများမှာ ဖွံ့ဖြိုးတိုးတက်လာကြသဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ အားကောင်းလာစေရန်ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီတွင် ပါရဂူတန်းဖွင့်လှစ်သည့် တက္ကသိုလ်အနည်းဆုံးတစ်ခုရှိရေး လမ်းညွှန်မှာကြားထားသည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနက တက္ကသိုလ်နှင့် သက်ဆိုင်ရာဒေသ၏ အလားအလာအပေါ်မူတည်၍ Center for Research and Innovation(CRI) များ ထူထောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ CRI များပေါ်ပေါက်လာပါက ဒေသတွင်း၌ရှိသည့် လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလိုအပ်ချက်ကို တက္ကသိုလ်များက ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ထိုအခါ တက္ကသိုလ်ရှိ သုတေသီ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တိုးတက်ရေးကို တိုက်ရိုက်အကျိုးပြုစေမည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလားအလာကောင်းများ ရရှိလာမည်ဖြစ်သည်။

သုတေသနသည် တက္ကသိုလ်၏ အသက်သွေးကြောဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် သုတေသနယဉ်ကျေးမှုတစ်ခု တက္ကသိုလ်မြေတွင် အခိုင်အမာပေါ်ပေါက်လာစေရန်အတွက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သက်ဆိုင်သူများနှင့် စိတ်ဝင်စားသူများက ဝိုင်းဝန်းအားပေးရန်လိုအပ်ပါသည်။ တက္ကသိုလ်ဟူသည် သင်ကြားရေးတစ်မျိုးတည်းဖြင့် ပြည့်စုံမည်မဟုတ်ပါ။ တက္ကသိုလ်၏အသက်သည် သုတေသနလုပ်ငန်းဖြစ်သည်။ စစ်ကြိုခေတ်က ရန်ကုန်တက္ကသိုလ်တွင် သင်ကြားရေးသာမက သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်ရှိ ဌာနအသီးသီး၏ သုတေသနဆောင်ရွက်ချက်များနှင့် ပုံနှိပ်ထုတ်ဝေမှုတို့သည် အလွန်အားကျစရာကောင်းသည်ဟု မှတ်သားရသည်။ အထူးသဖြင့် သမိုင်းဌာနသည် သုတေသနလုပ်ငန်းအများအပြားကို ဆောင်ရွက်ခဲ့သည်။

တက္ကသိုလ်ဆရာတစ်ဦးသည် သင်ကြားရေးသာမက သုတေသနကိုလည်း ပြုစုရသည်။ နိုင်ငံရပ်ခြားတက္ကသိုလ်များတွင် ပါမောက္ခတစ်ဦး၏ အရည်အသွေးကို တိုင်းတာရာ၌ သုတေသနစာတမ်း မည်မျှပြုစုသည်၊ သုတေသနစာအုပ် မည်မျှထုတ်ဝေသည်၊ နိုင်ငံတကာ သုတေသနစာတမ်း မည်မျှဖတ်ကြားသည်တို့အပေါ်တွင် မူတည်သဖြင့် ပါမောက္ခအပါအဝင် တက္ကသိုလ်မှ ဆရာ ဆရာမများသည် သုတေသနကို အပြိုင်အဆိုင်လုပ်ကြရသည်။ သုတေသန ထောက်ပံ့ကြေးငွေများလည်း အလုံအလောက်ပေးထားသဖြင့် အဆင့်အတန်းမီသော သုတေသနရလဒ်များ ပေါ်ထွက်လာသည်ကို တွေ့ရသည်။ ထို့အပြင် ပါမောက္ခများသည် ဘာသာရပ်အလိုက် သက်ဆိုင်ရာနယ်ပယ်များတွင် နှစ်အကန့်အသတ်ဖြင့် ပညာမျှဝေဆောင်ရွက်ကြသည်။

သုတေသနသည် ပညာရပ်ဆိုင်ရာ တိုးတက်ရေးအတွက် ကြီးစွာအထောက်အပံ့ပြုသည့်အပြင် နိုင်ငံဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် များစွာအထောက်အကူပြုသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် အတိတ်တစ်ချိန်က တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများ အားကောင်းခဲ့သဖြင့် ထူးချွန်ထင်ရှားသော ပညာရှင်များစွာ ပေါ်ထွက်လာခဲ့ပြီး နိုင်ငံအား အကျိုးပြုခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ယခုအခါ တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နေပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် CRI များ ပေါ်ပေါက်လာပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာနိုင်သည်။

သို့ဖြစ်ရာ ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ပြုလုပ်ပြီး ဘာသာရပ်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းကာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းအားပေးကူညီ ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး“ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

## ပန်းတောင်းမြို့၌ ကျန်းမာရေးလှူ့ဆော် မြေစိုက်ပိုစတာစိုက်ထူပွဲ ကျင်းပ

ပန်းတောင်း ဒီဇင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံကြီးရှေ့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးမည့် ကျန်းမာရေးလှူ့ဆော်မှု မြေစိုက်ပိုစတာစိုက်ထူပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။ စိုက်ထူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီး ဒေါက်တာသန်းထိုက်စိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရန်လင်းအောင်နှင့် ဝန်ထမ်းများ၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမျိုးမင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါမြေစိုက်ပိုစတာစိုက်ထူရာတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကဦးဆောင်၍ ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဒီဇင်ဘာ ၂၁ ရက်မှစ၍ လစဉ် ၂၁ ရက်နေ့တိုင်း ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးရုံတက်ကုသပေးခြင်းနှင့် ဆေးဝါးများ တစ်လစာပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုများ လစဉ်ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ လာရောက်ပြသကုသနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀ - ၁၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၅၀ | ၄၄၈,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၁,၂၇၂ | ၄,၁၂၉,၀၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၁၃၄ | ၂,၅၄၆,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅၅ | ၂၇၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၃၂.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၁.၄၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၄၃၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၃.၆၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၆၅ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၄.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၄.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၈၅.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၃.၅၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်တရားလွှတ်တော်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် တရားလွှတ်တော် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားများနှင့် ဥပဒေရေးရာဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး နှင့် ပြည်နယ် တရားသူကြီးချုပ် ဦးညီညီစိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မွန်ပြည်နယ် တရားလွှတ်တော် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး မွန်ပြည်နယ် တရားလွှတ်တော် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်တရားလွှတ်တော် အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တရားလွှတ်တော်ရုံး အဆောက်အအုံနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ရခြင်းနှင့် ပတ်သက်သည့် Video Clip ကိုပြသသည်။

ဆက်လက်၍တရားလွှတ်တော် အဆောက်အအုံသစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု တရားသူကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ထံသို့ ပြည်ထောင်စုတရားသူကြီးချုပ်က မွန်ပြည်နယ် တရားလွှတ်တော် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အဆောက်အအုံပုံစံငယ် ကျောက်စီပန်းချီကားကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မွန်ပြည်နယ်တရားလွှတ်တော် အဆောက်အအုံသစ်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉) ရပ်တို့ကိုချမှတ်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း ခေတ်ကာလနှင့် မလျော်ညီသည့်ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အစားထိုးဖြည့်စွက်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် နိုင်ငံတော်၏ အာဏာကြီး (၃)ရပ်တွင် တရားစီရင်ရေးအာဏာကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး အခန်းကဏ္ဍဟူသည် အရေးကြီးသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး၏ နေ့စဉ်လူမှုဘဝလုံခြုံရေးအတွက်လည်း မရှိမဖြစ်သည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးဟူသည့် နိုင်ငံရေးလုပ်ငန်းစဉ် (၂)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အားလုံး မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီခိုင်မာရေး ဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း စသည့်အခြေခံလိုအပ်ချက်များကို ဖြစ်ပေါ်စေရေးအတွက် တရားရေးကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် **"နိုင်ငံတော်သည်မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရှိစေရမည်၊ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်"** ဟူသည့် ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် **"ဥပဒေအထက်တွင် မည်သူမျှ မရှိစေရ"** ဟူသည့်အတိုင်း အဘက်ဘက်က မှန်ကန်တိကျပြီး တရားမျှတမှုရှိသည့် စီရင်ဆုံးဖြတ်ချက်များနှင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးကိုဆောင်ရွက်နိုင်ကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ အောက်တွင် တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ မြို့နယ်တရားရုံးများ၊ ဥပဒေအရ တည်ထောင်သည့် အခြားတရားရုံးများဟူ၍ တရားရုံးအဆင့်ဆင့် ဖွဲ့စည်းပြီး မှုခင်းများကို မှန်မှန်ကန်ကန်နှင့် ကြန့်ကြာမှုမရှိစေရန် ကြိုးပမ်း ဆောင်ရွက်နေကြသကဲ့သို့ တစ်ဖက်တွင်လည်း တရားရုံးများ၏ ဥပဓိရုပ်ကောင်းမွန်တိုးတက်စေရေး၊ အများပြည်သူတို့ စိတ်ချမ်းသာစွာ လာရောက်နိုင်ရေးအတွက်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တရားရုံးများကို အဆင့်နှင့်လျော်ညီပြီး ဂုဏ်အင်္ဂါရပ်နှင့်ညီအောင် ရင်းနှီးတည်ဆောက် ပေးထားသည့်အတွက် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍတွင် ထိရောက်အကျိုးရှိသည့် တရားရုံးများ ဖြစ်လာကြလိမ့်မည်ဟုလည်း မျှော်လင့်မိကြောင်း။

**လွတ်လပ်မှန်ကန်စွာဆုံးဖြတ်**

တရားစီရင်ရေး ဆိုရာတွင် ပြည်သူလူထုက ယုံကြည်အားကိုးရသည့် တရားစီရင်ရေးဖြစ်ရန် အရေးကြီးသည်ကို အထူးပြောရန်မလိုကြောင်း၊ ထိုကဲ့သို့ ယုံကြည်ကိုးစားမှုရှိနိုင်ရေး တရားရုံးများက ဥပဒေနှင့်အညီ လွတ်လပ်မှန်ကန်စွာ ဆုံးဖြတ်နိုင်ခြင်း၊ အဂတိတရား ကင်းစင်ခြင်း၊ မှန်မှန်ကန်ကန်နှင့် မြန်ဆန်စွာ အဆုံးအဖြတ်ပြုနိုင်ခြင်းများသည် အရေးပါသည်ဖြစ်သကဲ့သို့ တရားရုံးများ၏ အသွင်အပြင်တင့်တယ်မှု၊ ခံ့ညားထည်ဝါမှု၊ တရားရုံးဝန်ဆောင်မှုများကို ပြည်သူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်မှုရှိရန်လည်း လိုအပ်ကြောင်း။

**တရားစီရင်ရေးသည် အမှားအယွင်းမခံသည့် ကိစ္စဖြစ်ပြီး အပြစ်ရှိသူ တစ်ယောက်ကို ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်ရန်လိုပြီး အပြစ်မရှိသူတစ်ယောက်ကို အပြစ်ပေးမိခြင်းမျိုး မဖြစ်ရန် လိုအပ်**ကြောင်း၊ ကျူးလွန်သည့် ပြစ်မှုနှင့် သင့်တော်သည့်ပြစ်ဒဏ်မျိုးကို **စာမျက်နှာ ၄ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ်တရားလွှတ်တော် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။

**☆ မိမိတို့အားလုံး မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီခိုင်မာရေး ဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း စသည့်အခြေခံလိုအပ်ချက်များကို ဖြစ်ပေါ်စေရေးအတွက် တရားရေးကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် "နိုင်ငံတော်သည်မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရှိစေရမည်၊ ထို့အပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်" ဟူသည့် ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပေးကြရမည်**

❖ စာမျက်နှာ ၃ မှ

မှန်မှန်ကန်ကန် ချမှတ်နိုင်ခြင်းသည် တရားစီရင်ရေး၏ အဓိက လိုအပ်ချက်ဖြစ်ရာ တရားသူကြီးများအနေဖြင့် ဥပဒေရေးရာတွင် နှံ့စပ်ကျွမ်းကျင်ပြီး စီရင်ထုံးများကို သိရှိနားလည်အောင် အစဉ်ကြိုးစားလေ့လာနေရန်လိုအပ်ကြောင်း၊ ပြစ်မှုကျူးလွန်သူကို နောင်တွင် နောက်ထပ်ပြစ်မှုမကျူးလွန်စေရေး ဟန့်တားနိုင်သည့် ပြစ်ဒဏ်စီရင် ချမှတ်နိုင်ရေးအတွက် တရားသူကြီးများ၏ အတွေ့အကြုံနှင့် ဆင်ခြင်တုံတရားများသည် တရားရေးမဏ္ဍိုင်တွင် အလွန်အရေးကြီးသည်ကို အသိပေးမှာကြားလိုကြောင်း။

**နည်းပညာအသုံးပြု တရားစီရင်ရေးဆောင်ရွက်နေ**

ယခုအချိန်အခါ၌ ကမ္ဘာ့နိုင်ငံအများအပြားတွင်ရှိသည့် တရားရုံးများတွင် နည်းပညာကိုအသုံးပြုပြီး တရားစီရင်ရေး ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ကွန်ပျူတာ၊ အင်တာနက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်း တရားစီရင်ရာတွင် အသုံးပြုလာကြသကဲ့သို့ ဉာဏ်ရည်တု (AI) နည်းပညာကိုပါ အသုံးပြုလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း တရားရုံးများ၌ ICT နည်းပညာများ တဖြည်းဖြည်းနှင့် စတင်အသုံးပြုလာပြီ ဖြစ်ပါကြောင်း၊ သက်သေစစ်ဆေးရာတွင်လည်း Video Conferencing စနစ်ကို သုံးပြီး အဝေးရောက်နေသည့် သက်သေများ စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်လာကြပြီဖြစ်ကြောင်း၊ တရားစီရင်ရေးတွင် ခေတ်နောက်မကျစေရေး ကြိုးပမ်းဆောင်ရွက်လာသည်ကိုတွေ့ရသဖြင့် ဝမ်းသာအားရဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

နိုင်ငံတော်အနေဖြင့် တရားစီရင်ရေးကဏ္ဍတွင် တိုးတက်ပြောင်းလဲမှုများ ဖြစ်စေရန် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်နေခြင်းဖြစ်ပြီး လိုအပ်သည့် တရားရုံးအဆောက်အအုံသစ်များ ဆောက်နိုင်ရန်နှင့် နည်းပညာပိုင်းဆိုင်ရာပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက်လည်း စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ ချင်းပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်တို့ကို ဆောက်လုပ်ခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၂ ရက်က ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် မွန်ပြည်နယ် တရားလွှတ်တော်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်၏ အခြေခံဖြစ်သည့် တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း တာဝန်ရှိသူများအနေဖြင့် တရားရုံးအဆောက်အအုံများ စဉ်ဆက်မပြတ် သန့်ရှင်းကောင်းမွန်စေရေး၊ တရားရုံးအဆောက်အအုံ ပရိဘောဂ၊ မှတ်တမ်းများ ပျက်စီးပျောက်ဆုံးမှုမရှိစေရေး၊ အဂတိတရားကင်းကင်းဖြင့် ဥပဒေနှင့်အညီ နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြပါဟု မှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု တရားသူကြီးချုပ်က မွန်ပြည်နယ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မွန်ပြည်နယ်တရားလွှတ်တော်အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

တရားလွှတ်တော်အဆောက်အအုံသစ်ကြီးကို တရားလွှတ်တော် အင်္ဂါရပ်နှင့်အညီ ခံ့ညားထည်ဝါစွာ ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကျေးဇူးတင်ရှိကြောင်းနှင့် ရေရှည် တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသာယာလှပရေး၊ လုံခြုံရေးတို့အတွက် တာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုအပ်သည့်အခြေအနေတို့ကို ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက မွန်ပြည်နယ်တရားလွှတ်တော် ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အဆောက်အအုံပုံစံငယ် ကျောက်စီပန်းချီကားကို ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ဧည့်ခန်းမ၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မော်လမြိုင်လေဆိပ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများနှင့် မော်လမြိုင်မြို့အနီး နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်း တည်ဆောက်မည့် အခြေအနေများ၊ မော်လမြိုင်-ရေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မော်လမြိုင်လေဆိပ် သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများ အနေဖြင့် ထိန်းသိမ်း ဆောင်ရွက်ကြရန် လိုကြောင်း၊ မော်လမြိုင်လေယာဉ်ကွင်းသည် မြို့နှင့်နီးကပ်ခြင်း၊ တက္ကသိုလ်နှင့် နီးကပ်ခြင်းတို့ကြောင့် ခေါက်ရေတိုးချဲ့ပြေးဆွဲရန် ကန့်သတ်ချက်ရှိခြင်း၊ လေယာဉ်ပြေးလမ်းအား တိုးချဲ့ရန် ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် မော်လမြိုင်လေဆိပ်ကို နေရာသစ်သို့ ပြောင်းရွှေ့ရန်အတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်သည့် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်အမျိုးအစားအားလုံး ဆင်းသက်နိုင်သည့် အဆင့်မီ လေယာဉ်ကွင်းတစ်ခု တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်-မော်လမြိုင်-ရေး ရထားလမ်းပိုင်းကို ခရီးသွားပြည်သူများ သွားလာနိုင်ရေးအတွက် လူစီးရထားတွဲများ ပြန်လည်ပြေးဆွဲပေးရန်နှင့် ကုန်စည်များ ပို့ဆောင်ရန်လိုအပ်ပါကလည်း ကုန်တင်ရထားတွဲများ ပြေးဆွဲနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အဆိုပါ ရထားလမ်းပိုင်းအား အမြဲတမ်း စဉ်ဆက်မပြတ်သွားလာနိုင်ရေး စနစ်တကျဖြင့် ထိန်းသိမ်းပြုပြင် အဆင့်မြှင့်တင်နေရန်လိုကြောင်း၊ ရထားလမ်းပိုင်း တစ်လျှောက် သာယာလှပရေးအတွက်လည်း တာဝန်ရှိသူများ အနေဖြင့် ကြပ်မတ် ဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ပြင် အသစ်ထပ်မံဖောက်လုပ်မည့် မော်လမြိုင်-ထားဝယ် ရထားလမ်းပိုင်း တည်ဆောက်ရာတွင်လည်း လမ်းကြောင်း ပြေပြစ်မှုရှိစေရေးနှင့် တတ်နိုင်သမျှ တစ်ဖြောင့်တည်းဖြစ်စေရေး စနစ်တကျကွင်းဆင်း တွက်ချက် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်အကျိုးကိုကြည့်၍ မြော်တွေးဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မော်လမြိုင်လေဆိပ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**“အတိတ်သမိုင်းမှ တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များအပေါ် လက်တွေ့ကျသော အမြင်များထားရှိပြီး နားလည်မှု၊ ယုံကြည်မှုကိုယ်စီဖြင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်သွားကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။”**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၂-၂-၂၀၂၁ ရက်နေ့တွင် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]




ပုဂံရှုခင်းအလှ

ဓာတ်ပုံ - ဦးနေလင်း (မြန်/ဆက်)

❖ ကျောဖုံးမှ

မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က မိမိတို့သက်ဆိုင်ရာ လုပ်ငန်းတာဝန်များအလိုက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း။

**မူပိုင်ခွင့်ကဏ္ဍအနေဖြင့် ပိုမိုအရေးပါလာ**

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့တွင် မူပိုင်ခွင့်ကဏ္ဍအနေဖြင့် ပိုမိုအရေးပါလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့ခေတ်တွင် ခေတ်နှင့်အညီ ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်စေရန် အစိုးရ၊ ဌာနဆိုင်ရာများ၊ စွန့်ဦးတီထွင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာ ဗဟုသုတများရှိစေရန်နှင့် မိမိတို့ လုပ်ငန်းတာဝန်အသီးသီးတွင် အသုံးချဆောင်ရွက်နိုင်ရန်အတွက် မူပိုင်ခွင့်စနစ်ကို အရေးကြီးသည့် ကဏ္ဍတစ်ရပ်အနေဖြင့် တည်ဆောက်ရမည်ဖြစ်ကြောင်း။

ယနေ့ခေတ် ကမ္ဘာ့နိုင်ငံအများစုတွင် နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ စဉ်ဆက်မပြတ်တည်တံ့တိုးပွားစေရန် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်ကို စီးပွားရေးလက်နက်တစ်ခုအဖြစ် ကျင့်သုံးလာကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကို ၂၀၀၁ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတွင်အထောက်အပံ့ဖြစ်စေနိုင်ပြီး ပြည်သူအများ၏ တီထွင်ဖန်တီးနိုင်စွမ်းကို အားပေးမြှင့်တင်စေနိုင်မည့် မူပိုင်ခွင့်စနစ်တစ်ရပ် အကောင်အထည်ဖော်ရန် အချိန်သင့်နေပြီဟု ဆိုရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၉ ခုနှစ်က အတည်ပြုပြဋ္ဌာန်းထားသည့် မူပိုင်ခွင့်ဥပဒေများကို အမြန်ဆုံးအာဏာသက်ဝင်ပြီးနောက် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

> ☆ **တီထွင်ဆန်းသစ်နိုင်မှုနှင့် ဖန်တီးနိုင်မှုစွမ်းအားများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်အချိုးကျနေခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများကို မြင့်တက်စေနိုင်ရန် တီထွင်သူ၊ ဖန်တီးသူတို့၏ လက်ရာများကို ထိထိရောက်ရောက် အကာအကွယ်ပေးမည့် မူပိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်ရန် လိုအပ်**
>
> ☆ **မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တစ်ရပ်ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး၊ အဆင့်မြင့်နည်းပညာများ လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးကဏ္ဍများ မြင့်မားတိုးတက်လာစေရေးတို့တွင် အထောက်အကူဖြစ်စေနိုင်မည့်အပြင် စွန့်ဦးတီထွင်သူများ၊ ဖန်တီးသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ စသည့်မူပိုင်ခွင့်ပိုင်ရှင်များ၏ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားစေနိုင်မည်**

ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့မှ နှစ်စဉ်စာရင်းပြုစုသော တီထွင်ဆန်းသစ်မှုဆိုင်ရာ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ တီထွင်ဆန်းသစ်မှုကို တိုင်းတာသည့် ကမ္ဘာလုံးဆိုင်ရာ တီထွင်ဆန်းသစ်မှု ညွှန်းကိန်း (Global Innovation Index–GII)ကို နှစ်စဉ်ထုတ်ပြန်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အဆင့် ၁၂၉၊ ၂၀၂၁ ခုနှစ်တွင် အဆင့် ၁၂၇ နှင့် ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၁၆ တွင်ရှိသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ တီထွင်ဆန်းသစ်နိုင်မှုနှင့် ဖန်တီးနိုင်မှုစွမ်းအားများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်အချိုးကျနေခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများကို မြင့်တက်စေနိုင်ရန် တီထွင်သူ၊ ဖန်တီးသူတို့၏ လက်ရာများကို ထိထိရောက်ရောက် အကာအကွယ်ပေးမည့် မူပိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

**အမြန်ဆုံးစတင်ဆောင်ရွက်**

၂၀၁၉ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်ဥပဒေ(၄)ရပ်အနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကို စတင်အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ (၁/၂၀၂၂) ကြိမ်မြောက်အစည်းအဝေးတွင် ဆွေးနွေးလမ်းညွှန်ခဲ့ပြီးဖြစ်သည့်အတွက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအာဏာသက်ဝင်ခြင်းနှင့် အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးစတင်ဆောင်ရွက်နိုင်စေရေး ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီတွင် အဖွဲ့ဝင် ၃၂ ဦးရှိသည့်အနက် မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များနှင့်စပ်လျဉ်း၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ပညာရှင်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ပညာရှင်၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ပညာရှင်နှင့် တီထွင်မှုမူပိုင်ခွင့်ပညာရှင်တို့ကို ခန့်ထားရန်လိုအပ်နေကြောင်း၊ ထို့ကြောင့် မူပိုင်ခွင့်ဆိုင်ရာ ပညာရှင် လေးဦး ရွေးချယ်ခန့်ထားနိုင်ရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဥပဒေများအရ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ ဖွဲ့စည်းပြီးပါက အေဂျင်စီအတွက် လိုအပ်သည့် ပညာရှင်များ ရွေးချယ်ခန့်ထားရေးကိုလည်း ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

**ဥပဒေနှင့်အညီ ရရှိခံစားစေနိုင်မည်**

ယခုကဲ့သို့ မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တစ်ရပ် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး၊ အဆင့်မြင့်နည်းပညာများ လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးကဏ္ဍများ မြင့်မားတိုးတက်လာစေရေးတို့တွင် အထောက်အကူဖြစ်စေနိုင်မည့်အပြင် စွန့်ဦးတီထွင်သူများ၊ ဖန်တီးသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များစသည့် မူပိုင်ခွင့်ပိုင်ရှင်များ၏ မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားစေနိုင်မည်ဖြစ်ကြောင်း။

ယခုဖွဲ့စည်းထားသည့် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီတွင် ပါဝင်သော တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် မိမိတို့ ပါဝင်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍများတွင် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း၊ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုကဏ္ဍများ၊ တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို အစိုးရနှင့်ပြည်သူအတူလက်တွဲပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မူပိုင်ခွင့်ဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၂) ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က(၂/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးသို့တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစာတစ်ခုချင်းအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက မူပိုင်ခွင့်ဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး အစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းများကို အတည်ပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

> ☆ **နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့ခေတ်တွင် ခေတ်နှင့်အညီ ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်စေရန် အစိုးရ၊ ဌာနဆိုင်ရာများ၊ စွန့်ဦးတီထွင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာ ဗဟုသုတများရှိစေရန်နှင့် မိမိတို့လုပ်ငန်းတာဝန်အသီးသီးတွင် အသုံးချဆောင်ရွက်နိုင်ရန်အတွက် မူပိုင်ခွင့်စနစ်ကို အရေးကြီးသည့် ကဏ္ဍတစ်ရပ်အနေဖြင့် တည်ဆောက်ရမည်**

ကြေးမုံ



# NUG/PDF အဖွဲ့တို့၏ ရက်စက်ယုတ်မာသော တမူးအကြမ်းဖက်မှုဖြစ်စဉ်

မင်းခန့်

ယခုလတ်တလော လူမှုကွန်ရက်မှာ လူအများ စိတ်ဝင်စားနေတဲ့သတင်းကတော့ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားတဲ့ NUGနဲ့ သူတို့ဖွဲ့စည်းထားတဲ့ PDF ဆိုတဲ့ အဖွဲ့တွေရဲ့ လူမဆန်စွာ အကြမ်းဖက်သတ်ဖြတ်မှုတစ်ခုက ဖုံးမရဖိမရ ပေါ်ပေါက်လာခဲ့တဲ့ ဗီဒီယိုဖိုင်တစ်ခုဖြစ်ပါတယ်။ **၂၀၂၂ ခုနှစ် ကုန်ဆုံးတော့မယ့် ဒီဇင်ဘာလအစမှာပဲ တမူးက PDF အကြမ်းဖက်အဖွဲ့တွေက မအေးမာထွန်းလို့ခေါ်တဲ့ အပြစ်မဲ့ အမျိုးသမီးငယ်တစ်ဦးကို အများပြည်သူ အသုံးပြုတဲ့ လမ်းမပေါ်မှာ လက်ထိပ်ခတ်ရိုက်နှက်ပြီး သေနတ်နဲ့ ဦးခေါင်းကို အထပ်ထပ်အခါခါ ပစ်သတ်လိုက်တဲ့ ဗီဒီယိုဖိုင်ဟာ ဆိုရှယ်မီဒီယာပေါ်မှာသာမက နိုင်ငံတကာသတင်းမီဒီယာတွေကိုပါ ပျံ့နှံ့ခဲ့ပါတယ်။**

NUG ကဖွဲ့စည်းထားတဲ့ တမူး PDF တပ်ရင်း ၄ ကလည်း ဒီလုပ်ရပ်ကို သူတို့လုပ်တာဖြစ်ပြီး NUG ရဲ့ စေခိုင်းချက်အတိုင်း ဆောင်ရွက်တာဖြစ်ကြောင်း အဆိုပါအကြမ်းဖက်မှုဖြစ်စဉ်မှာ ပါဝင်ခဲ့တဲ့ အကြမ်းဖက်သမားတွေ ကိုယ်တိုင်အင်တာဗျူးထုတ်လွှင့်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် **NUGအကြမ်းဖက်အဖွဲ့က ဒီကိစ္စနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးမယ်လို့ပြောနေတာက သူ့လက်အောက်ခံ PDF အဖွဲ့တွေ လုပ်တာမှန်တယ်လို့ ဝန်ခံနေတာပဲဖြစ်ပါတယ်။ ဒီလိုရိုင်းစိုင်းယုတ်မာပြီး လူမဆန်တဲ့သတ်ဖြတ်မှုကို ကျူးလွန်ခဲ့ကြောင်း သူတို့ကိုယ်တိုင်ဝန်ခံပြီး လူမှုကွန်ရက်ပေါ် ထုတ်ပြန်ခဲ့တာဖြစ်တဲ့အတွက် ဒီဖြစ်စဉ်ရဲ့ တရားခံတွေဟာ NUG အဖွဲ့နဲ့ သူ့လက်ဝေခံ တမူး PDF အဖွဲ့ဖြစ်တယ်ဆိုတာ ခိုင်မာတဲ့ သက်သေတွေပဲ ဖြစ်ပါတယ်။**

ဒီအကြမ်းဖက်မှုမှာ အသတ်ခံခဲ့ရတဲ့ အမျိုးသမီးငယ်လေးက အသက် (၂၂) နှစ်အရွယ်သာရှိသေးပြီး တမူးမြို့ မြို့မ(၁၂) ရပ်ကွက်မှာနေထိုင်ကာ ကျပန်းအလုပ် လုပ်ကိုင်သူတစ်ဦးသာဖြစ်ကြောင်း သိရှိရပါတယ်။ ၂၀၂၂ ခုနှစ် မေလ ၈ ရက်နေ့မှာ အလုပ်လုပ်ရာက ပြန်လာစဉ် PDF အကြမ်းဖက်အဖွဲ့တွေရဲ့ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး အသတ်ခံရတဲ့နေ့ကိုတော့ အတိအကျ မသိရဘူးလို့ ဆိုပါတယ်။ ဒီလိုဖြစ်စဉ်တွေက အခုမှ ထွက်ပေါ်ခဲ့တာမဟုတ်ဘဲ ၂၀၂၂ ခုနှစ် ဇွန်လအတွင်းမှာလည်း မြိုင်မြို့နယ်မှ PDF တွေက မနန္ဒာဆိုတဲ့ အမျိုးသမီး တစ်ဦးကို လက်ပြန်ကြိုးတုပ်၊ ဒူးထောက်ခိုင်းပြီး ဇက်ပိုးကို ဓားနဲ့ခုတ်သတ်ခဲ့တဲ့ ဗီဒီယိုဖိုင်တစ်ခု ထွက်ပေါ်လာပါတယ်။ ဒီလိုထွက်ပေါ်ပြီး နှစ်လအကြာ စက်တင်ဘာလအတွင်းမှာလည်း PDF အဖွဲ့တွေက အမျိုးသမီးတစ်ဦးကို ဒလန်လို့စွပ်စွဲပြီး မျက်နှာကို အဝတ်စည်း၊ လက်ပြန်ကြိုးတုပ်ကာ လည်ပင်းလှီး သတ်နေတဲ့ ဗီဒီယိုဖိုင်တစ်ခုထွက်လာ ပါသေးတယ်။

ယခု သုံးခုမြောက်ထွက်ပေါ်လာတဲ့ ဗီဒီယိုဖိုင်မှာတော့ အမျိုးသမီးငယ်လေးဟာ နောက်ဆုံးထွက်သက်အထိ သူသည် ဒလန်မဟုတ်ကြောင်း ငြင်းဆိုသွားခဲ့တာကို တွေ့ရပါတယ်။ ဒါတွေကိုကြည့်ရင် NUGရဲ့ စေခိုင်းချက်နဲ့ PDF အဖွဲ့တွေရဲ့ သတ်ဖြတ်မှုဖြစ်စဉ်တွေ ဘယ်လောက်များများ ရှိနေတယ်ဆိုတာ မှန်းဆလို့မရနိုင်အောင် ဖြစ်ရပါတယ်။ ဒီလို လူမဆန်မှုတွေက ကမ္ဘာမှာ အော်ကြောလန်နေတဲ့ အရှေ့အလယ်ပိုင်းက အကြမ်းဖက်တွေရဲ့ လုပ်ရပ်တွေထက်တောင် ဆိုးရွားလွန်းနေသေးတယ်လို့ မြန်မာပြည်သူလူထုအကြား မှတ်ချက်ပြုနေကြတာကို တွေ့ရှိရပါတယ်။ မြန်မာ့နိုင်ငံရေးအပြောင်းအလဲကို အခွင့်ကောင်းယူပြီး အစွန်းရောက်စိတ်ဓာတ် သွတ်သွင်းခြင်းခံထားရတဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ ရက်စက်မှု၊ လူမဆန်မှုတွေက ပြည်သူလူထုအကြားမှာ မသတီစရာ ရွံရှာစက်ဆုပ်ဖွယ်ရာဖြစ်လာခဲ့တာ နှစ်နှစ်နီးပါးရှိပြီဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိ မြန်မာနိုင်ငံရဲ့တည်ဆဲအစိုးရကို နိုင်ငံရေးအရ တစ်ဖက်သတ်ဖိအားပေးချင်တာနဲ့ပဲ PDF အကြမ်းဖက်တွေရဲ့ လုပ်ရပ်တွေကို မြန်မာပြည်သူတွေနဲ့ ကမ္ဘာ့လူ့အဖွဲ့အစည်းတွေ အကြားကို ကျယ်ကျယ်ပြန့်ပြန့် မရောက်ရှိအောင် အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုက လူအား၊ ငွေအား၊ မီဒီယာအင်အားနဲ့ ဝိုင်းဝန်းဖုံးဖိထားခဲ့ကြပါတယ်။

ဒီအချက်တွေကိုကြည့်ရင် မြန်မာနိုင်ငံကို အနောက်အုပ်စုက ငွေအား၊ လူအား၊ နည်းပညာအားနဲ့ မီဒီယာအင်အားသုံးပြီး မှိုင်းတိုက်နေတယ်၊ သတင်းတွေ ထိမ်ချန်ဖော်ပြနေတယ်ဆိုတဲ့အချက်ကို နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေအနေနဲ့ သတိပြုမိစေချင်ပါတယ်။ ဒီလိုအကြမ်းဖက်မှုလမ်းစဉ်ကို တရားဝင်ကိုင်စွဲထားပြီး ရက်စက်မှုအပေါင်းသရဖူဆောင်းနေတဲ့ ပရမ်းပတာ NUG နဲ့ PDF လို အကြမ်းဖက်အဖွဲ့တွေကို ထိတွေ့ဆက်ဆံပြီး အသိအမှတ်ပြုဖို့ ထောက်ခံပံ့ပိုးပေးနေတဲ့ လူပုဂ္ဂိုလ်တွေ၊ ကြားနေပါတယ်ဆိုတဲ့အဖွဲ့အစည်းတွေအနေနဲ့ ဒီလိုအကြမ်းဖက်လုပ်ရပ်တွေနဲ့ပတ်သက်ပြီး ဘယ်လိုသဘောထားရှိကြမလဲဆိုတာကို သိချင်မိပါတယ်။

ဒီလိုဆိုးရွားရက်စက်တဲ့ ဖြစ်စဉ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့က ပြည်သူတွေကတော့ ဒီဇင်ဘာလ ၄ ရက်နေ့မှာ “လူသတ်အကြမ်းဖက် PDF အလိုမရှိ၊ CRPH၊ NUG၊ PDF အကြမ်းဖက်အဖွဲ့များ ဆန့်ကျင်ကြ”ဆိုတဲ့ ဆိုင်းဘုတ်တွေကိုင်ပြီး ဆန္ဒထုတ်ဖော်ခဲ့ကြပါတယ်။ အလားတူပဲ တမူးမြို့ ဈေးတန်း (၄) ရပ်ကွက်မှာလည်း “အကြမ်းဖက်သတ်ဖြတ်ခြင်းခံရသော မအေးမာထွန်း





NUG/PDF တို့ ရက်စက်စွာသက်ဖြတ်ခဲ့သော ဆရာတော် ဦးတေဇိန္ဒဖြစ်စဉ် Facebook တွင်ပျံ့နှံ့နေပုံ




NUG/PDF ၏ ကျေးရွာမီးရှို့မှုဖြစ်စဉ်များ Twitter တွင်ပျံ့နှံ့နေပုံ




NUG/PDF တို့ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ကလေးငယ် ၁ ဦးသေဆုံးခဲ့သည့် ဖြစ်စဉ် Telegram တွင်ပျံ့နှံ့နေပုံ




NUG/PDF တို့ ရက်စက်စွာသက်ဖြတ်ခဲ့သော မအေးမာထွန်းဖြစ်စဉ် VK တွင်ပျံ့နှံ့နေပုံ

ကောင်းရာဘုံဘဝရောက်ပါစေ၊ PDF အကြမ်းဖက်သမားများ ကျဆုံးရေး-ဒို့အရေး၊ အကြမ်းဖက်လုပ်ရပ်မှန်သမျှ ဆန့်ကျင်ကြ”စတဲ့ ဆိုင်းဘုတ်တွေ ကိုင်စွဲပြီး ပြည်သူတွေ ဆန္ဒဖော်ထုတ်ခဲ့ကြပါတယ်။

**ဆိုရှယ်မီဒီယာတွေမှာလည်း နိုင်ငံရေးအရောင်အသွေး ဝါ၊ စိမ်း၊ နီ၊ ပြာ မရွေး အားလုံးတစ်သံတည်းထွက်ပြီး PDF တွေရဲ့ အကြမ်းဖက်မှုတွေကို ရှုတ်ချခဲ့ကြတာကို တွေ့နေရပါတယ်။ သို့သော်လည်း ဒီလိုဖြစ်စဉ်တွေကို အနောက်အုပ်စုက ခေါင်းစဉ်မျိုးစုံနဲ့ထောက်ပံ့ထားတဲ့ ဝါဒဖြန့် ပြည်ဖျက်မီဒီယာတွေမှာ လုံးဝဖော်ပြတာ မတွေ့ရပါဘူး။ BBC ကတော့ အကြမ်းဖက် NUG အဖွဲ့က ဒီကိစ္စနဲ့ပတ်သက်ပြီး စစ်ဆေးမယ်ဆိုတဲ့ သတင်းကို တာဝန်ကျေဝိနည်းလွတ် ရေးတင်ခဲ့တာ တွေ့ရပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ရင် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး ကြေညာချက်အမျိုးမျိုးထုတ်ပြန်နေတဲ့ အမေရိကန်သံရုံးက ဒီတစ်ခါလည်း မျက်စိကန်းပြီး နားပင်းနေတာကို တွေ့ရပါတယ်။**

လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အနေနဲ့ အကြမ်းဖက်အဖွဲ့တွေကို ဥပဒေနဲ့အညီ အရေးယူမှုတွေ ဆောင်ရွက်ရင် လူ့အခွင့်အရေးစံနှုန်းတွေနဲ့ယှဉ်ပြီး ထုတ်ပြန်ချက်အမျိုးမျိုးထုတ်နေတဲ့သံရုံးတွေက ဒီလို NUG/PDF တွေရဲ့ ငြင်းမရတဲ့အကြမ်းဖက်မှုတွေ ဘူးပေါ်သလိုပေါ်လာတော့ ဘာသံမှမထွက်နိုင်ဘဲ ရေငုံနှုတ်ပိတ်ပြီးနေကြတာကို အံ့သြဘနန်းဖြစ်ရပါတယ်။ မြန်မာနိုင်ငံအပေါ် သဘောထား မမှန်သူတွေရဲ့ ထုံးစံအတိုင်း ဘယ်လိုပဲမျက်စိပိတ်၊ နားပိတ်ပြီး နေနိုင်ကြသည်ဖြစ်စေ ဒီလိုအကြမ်းဖက်မှုတွေကို မြင်တွေ့နေရတဲ့မည်သူမဆို အကြောင်းမဲ့ အနိုင်ကျင့် သတ်ဖြတ်ခံရသူတွေအတွက် လွန်စွာစိတ်ထိခိုက်နေကြရပါတယ်။

ဒါ့ကြောင့်လည်း အကြမ်းဖက်မှုတွေကို မလိုလားဘဲ အမှန်တရားကို မြတ်နိုးတဲ့ မြန်မာပြည်သူတွေရဲ့ အသံတွေကို Facebook၊ Twitter၊ Telegram၊ VK စတဲ့ဆိုရှယ်မီဒီယာပေါ်မှာ ပျံ့နှံ့နေတာကိုလည်း တွေ့ရှိနေရပါတယ်။

အကြမ်းဖက်ဝါဒ သို့မဟုတ် အကြမ်းဖက်မှုတွေနဲ့ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂနဲ့ နိုင်ငံကြီးတွေရဲ့ ပြဋ္ဌာန်းချက်တွေ၊ သတ်မှတ်ချက်တချို့ကို ထုတ်နုတ်တင်ပြလိုပါတယ်။ **စာမျက်နှာ ၇ သို့** ❂


**“ဆိုရှယ်မီဒီယာတွေမှာလည်း နိုင်ငံရေးအရောင်အသွေး ဝါ၊ စိမ်း၊ နီ၊ ပြာမရွေး အားလုံးတစ်သံတည်းထွက်ပြီး PDF တွေရဲ့ အကြမ်းဖက်မှုတွေကို ရှုတ်ချခဲ့ကြတာကို တွေ့နေရပါတယ်။ သို့သော်လည်း ဒီလိုဖြစ်စဉ်တွေကို အနောက်အုပ်စုက ခေါင်းစဉ်မျိုးစုံနဲ့ထောက်ပံ့ထားတဲ့ ဝါဒဖြန့် ပြည်ဖျက်မီဒီယာတွေမှာ လုံးဝဖော်ပြတာ မတွေ့ရပါဘူး။ BBC ကတော့ အကြမ်းဖက် NUG အဖွဲ့က ဒီကိစ္စနဲ့ပတ်သက်ပြီး စစ်ဆေးမယ်ဆိုတဲ့သတင်းကို တာဝန်ကျေ ဝိနည်းလွတ်ရေးတင်ခဲ့တာ တွေ့ရပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ရင် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး ကြေညာချက် အမျိုးမျိုးထုတ်ပြန်နေတဲ့ အမေရိကန်သံရုံးက ဒီတစ်ခါလည်း မျက်စိကန်းပြီး နားပင်းနေတာကို တွေ့ရပါတယ်”**


缅甸群众抗议PDF当街杀害一名22岁女教师

缅甸实皆省德穆镇的公路上，有一名叫玛埃马春的女教师遭到人民保卫军（PDF）当街杀害。

12月4日中午，实皆省吉灵庙镇的群众聚集，向PDF、民族团结政府（NUG）抗议。

中午11时许，德穆镇街子4保也有群众聚集对PDF滥杀群众的行为表示抗议。


Innocent Woman In Tamoo Township

RFM : Yangon : 3rd December 2022

errorists Group have been killing an innocent poor young

BREAKING NEWS

NLD/ PDF terrorists are brutally and inhumanely torturing and killing an innocent young woman on a middle of asphalt road in Tamoo township, Sagaing Division on 2nd December 2022. According to the interrogative and abusive words against the victimized young woman, the poor young woman was being accused as "a spy or an informer" to the security forces while her two hands were tied. The poor young woman very

NLD/PDF Terrorists Brutally Tortured And Killed An Innoce Woman In Tamoo Township

# ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ပို့စကတ်ထုတ်ဝေ




ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပို့စကတ်လေးမျိုးအား စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါ ပို့စကတ်လေးမျိုးအား **"ပုဂံရှုခင်းအလှ၊ ပြည်ထောင်စုတိုင်းရင်းသားများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဇာတ်သဘင်အလှ၊ မြန်မာ့ရိုးရာရှင်ပြုအလှူပွဲ"** ခေါင်းစဉ်ပုံများဖြင့် ထုတ်ဝေခဲ့ပြီး ပို့စကတ်တစ်ခုလျှင် ငွေကျပ် ၁၇၀ နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## သမဝါယမအသင်းများသို့ သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်

**မွန် ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ်အတွင်းရှိ အသင်းသားတောင်သူများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးရာသီအမီ သွင်းအားစုဓာတ်မြေဩဇာများ ပံ့ပိုးပေးအပ်ခြင်း အခမ်းအနားများကို ယနေ့တွင် ပေါင်နှင့် မုဒုံမြို့နယ်တို့၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အောင်နိုင်သစ္စာကုမ္ပဏီနှင့်ချိတ်ဆက်၍ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေမှ ပေါင်မြို့နယ် ရင်းငြိမ်တောင်ကျေးရွာ ရွှေချမ်းသာစိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ရှိ အသင်းသားတောင်သူများ၏ နွေစပါးစိုက်ပျိုးဧက ၃၇၈ ဧက အတွက် မတည်ထောက်ပံ့ချေးငွေကျပ် ၇၅၆ သိန်းတန်ဖိုးရှိ သွင်းအားစုဓာတ်မြေဩဇာ များနှင့် မုဒုံမြို့နယ် ကွမ်တာကျေးရွာ စေတနာမွန်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်ရှိ အသင်းသားတောင်သူများ၏ နွေစပါးစိုက်ပျိုးဧက ၁၀၀ အတွက် မတည်ထောက်ပံ့ချေးငွေကျပ် သိန်း ၃၀၀ တန်ဖိုးရှိ သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ စာမျက်နှာ ၆ မှ

၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့က ထုတ်ပြန်တဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အထွေထွေညီလာခံ ဆုံးဖြတ်ချက် (၄၉/၆၀)မှာ အကြမ်းဖက် ဝါဒ/လုပ်ရပ်တွေနဲ့ပတ်သက်ပြီး ဖော်ပြထားတာက "Criminal acts intended or calculated to provoke a state of terror in the general public, a group of persons or particular persons for political purposes are in any circumstance unjustifiable, whatever the considerations of a political, philosophical, ideological, racial, ethnic, religious or any other nature that may be invoked to justify them" လို့ ဆိုပါတယ်။ ဒါကြောင့် အကြမ်းဖက်လုပ်ရပ်တွေဆိုတာ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မဆို နိုင်ငံရေးရည်မှန်းချက်အတွက် လူထုကြားမှာ အထိတ်တလန့်ဖြစ်စေဖို့ ကျူးလွန်တဲ့ ရာဇဝတ်မှုတွေဖြစ်တယ်လို့ ဆိုထားတာဖြစ်ပါတယ်။

**နောက်ထပ်ထင်ရှားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကတော့ ကမ္ဘာပေါ်က အကြမ်းဖက်လုပ်ရပ်တွေကို မှတ်တမ်းတင်နေတဲ့ University of Maryland က Global Terrorism Database (GTD) ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပါတယ်။ GTD ကတော့ အကြမ်းဖက်ဝါဒဆိုတာ နိုင်ငံတော်မဟုတ်တဲ့အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေက နိုင်ငံရေးရည်မှန်းချက်အတွက် ပြည်သူလူထုကို သွေးထွက်သံယိုမှုဖြစ်စေခြင်း အကြောက်တရားသွင်းတဲ့ လုပ်ရပ်တွေဖြစ်တယ် (acts of violence by non-state actors, perpetrated against civilian populations, intended to cause fear, in order to achieve a political objective)လို့ဆိုပါတယ်။**

ဒါကြောင့် ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ခြုံငုံလေ့လာကြည့်မယ်ဆိုရင် နိုင်ငံရေးရလိုမှုကို နိုင်ငံရေးအရ အဖြေမရှာဘဲ လက်နက်ကိုင်မဟုတ်တဲ့ အပြစ်မဲ့ပြည်သူတွေကို ပစ်မှတ်ထားပြီး အကြောက်တရားသွင်းဖို့ ခြိမ်းခြောက်တာတွေ၊ အကြမ်းဖက်သတ်ဖြတ်နေတာတွေက ကမ္ဘာ့လူ့အဖွဲ့အစည်းတွေအားလုံး လက်ခံထားတဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေပဲ ဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း တွေ့နိုင်ပါတယ်။ ယခု မြန်မာနိုင်ငံမှာ PDF အကြမ်းဖက်တွေ ဆောင်ရွက်နေကြတာက အပြစ်မဲ့အရပ်သားစစ်စစ်တွေကို လုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assassinations of Civilians or Non-combatants)၊ ဥပဒေပြင်ပလူသတ်တရားစီရင်ခြင်း(Extrajudicial Killing) တွေသာဖြစ်တယ်ဆိုတာ သာမန်မျက်စိနဲ့ကြည့်ရင်ကို မြင်နိုင်ပါတယ်။

> **ယခု သုံးခုမြောက်ထွက်ပေါ်လာတဲ့ ဗီဒီယိုဖိုင်မှာတော့ အမျိုးသမီးငယ်လေးဟာ နောက်ဆုံးထွက်သက်အထိ သူသည် ဒလန်မဟုတ်ကြောင်း ငြင်းဆိုသွားခဲ့တာကို တွေ့ရပါတယ်။ ဒါတွေကိုကြည့်ရင် NUG ရဲ့ စေခိုင်းချက်နဲ့ PDF အဖွဲ့တွေရဲ့ သတ်ဖြတ်မှုဖြစ်စဉ်တွေ ဘယ်လောက်များများရှိနေတယ်ဆိုတာ မှန်းဆလို့မရနိုင်အောင် ဖြစ်ရပါတယ်။ ဒီလို လူမဆန်မှုတွေက ကမ္ဘာမှာ အော့ကြောလန်နေတဲ့ အရှေ့အလယ်ပိုင်းက အကြမ်းဖက်တွေရဲ့ လုပ်ရပ်တွေထက်တောင် ဆိုးရွားလွန်းနေသေးတယ်လို့ မြန်မာပြည်သူလူထုအကြား မှတ်ချက်ပြုနေကြတာကို တွေ့ရှိရပါတယ်**



လူ့အခွင့်အရေး ချိုးဖောက်မှုဆိုတာတွေထက် အဆပေါင်းများစွာ ဆိုးရွားတဲ့ အကြမ်းဖက်ဝါဒ (Terrorism) သာ ဖြစ်ပါတယ်။

**နောက်ထပ် သတိပြုစရာတစ်ခုကရန်၊ ငါ၊ စည်းပြတ်လာကြတဲ့ ကမ္ဘာ့နိုင်ငံရေး အခြေအနေအရ အကျိုးစီးပွားအုပ်စုတချို့ဟာ အရှေ့တောင်အာရှနဲ့ အာရှ-ပစိဖိတ်ဒေသဆီကို နိုင်ငံရေးကွာဟမှု၊ လူမျိုးရေးကွာဟမှု၊ ဘာသာတရားကွာဟမှုတွေကို အခြေခံပြီး အစွန်းရောက်ဝါဒ (Extremism) သွတ်သွင်းနေကြတယ်ဆိုတာကို သတိပြုဆင်ခြင်စရာဖြစ်ပါတယ်။ ထိုအုပ်စုတွေအတွက် မြန်မာနိုင်ငံလို ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့နေရာ အပါအဝင် အရှေ့တောင်အာရှနဲ့ အာရှ - ပစိဖိတ်ဒေသမှာ မတည်မငြိမ်ဖြစ်နေစေဖို့၊ ၎င်းတို့ ကြိုးဆွဲရာကို လိုက်ပါလာစေဖို့ ဆန္ဒရှိနေကြပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံမှာ သူတို့ကြိုးဆွဲရာကိုလိုက်ပါခြင်းမရှိဘဲ အခြေခံဥပဒေအရ ခေတ္တအာဏာထိန်းထားရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဘက်ပေါင်းစုံက ဖိအားပေးနေကြတာဖြစ်ပါတယ်။ ဒီလိုဖိအားပေးလိုတာနဲ့ပဲ NUG/PDF တွေရဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မသိချင်ယောင်ဆောင်ပြီး ဖုံးဖိနေကြတာကတော့ အင်မတန်မှ အရုပ်ဆိုးအကျည်းတန်လှပါတယ်။**

မည်သို့ပင်ဆိုစေကာမူ တမူးက အသက် (၂၂) နှစ်အရွယ်သာရှိသေးတဲ့ အမျိုးသမီးငယ်လေး အကြမ်းဖက်ခံရတဲ့ဖြစ်စဉ်ဟာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာသာမကဘဲ ဒေသတွင်းနဲ့ ကမ္ဘာ့လူ့အဖွဲ့အစည်းအတွက် တပ်လှန့်သံဖြစ်ပါတယ်။ နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်းနဲ့ ရယူဖို့ ဆောင်ရွက်နေတဲ့ အမှားသရုပ်ပြကို ဝိုင်းဝန်းတားဆီးကြဖို့ ပျက်ကွက်ကြရင် ဒေသတွင်းမှာ အလားတူပြဿနာတွေ ရင်ဆိုင်လာရနိုင်တယ်ဆိုတာ သတိချပ်သင့်ပါတယ်။ ဒါကြောင့် တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ပြည်သူလူထုအနေနဲ့ အနောက်အုပ်စု လွှမ်းမိုးထားတဲ့ နိုင်ငံတကာ မီဒီယာအမည်ခံတွေမှာ မဖော်ပြတဲ့ NUG/PDF အဖွဲ့တွေရဲ့ အကြမ်းဖက်မှုဝါဒ၊ လူမဆန်မှု ဖြစ်ရပ်မှန်တွေကို ဖော်ထုတ်သုံးသပ်ပြီး NUG အဖွဲ့ရဲ့ အကြမ်းဖက်လမ်းစဉ်ကို ဝိုင်းဝန်းကာကွယ်တားဆီးကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြောင်းမြမြို့ ဒေသသုတေသနဇဟိုဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေး



မြောင်းမြ ဒီဇင်ဘာ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ ဒေသသုတေသနဇဟိုဌာနသို့ ယနေ့နံနက် ၉ နာရီခွဲတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကောင်စီအဖွဲ့ဝင်အား သုတေသနဌာနတာဝန်ခံ ဒေါ်ဖြူပြာလွင်က ဒေသမျိုးစပါး သုတေသနပြုလုပ်နေမှု၊ ပေါ်ဆန်းမွှေး အရည်အသွေးမြှင့်တင်ရေးနှင့် မြေဆီလွှာထိန်းသိမ်းခြင်း၊ ပေါ်ဆန်းမွှေး စိုက်ပျိုးသုတေသနပြုလုပ်နေမှု၊ ဒေသနှင့် သင့်တော်မည့် မျိုးရွေးချယ်နေမှု၊ စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ၊ ၂၀၂၂- ၂၀၂၃ ခုနှစ် မိုးရာသီတွင် တွေ့ရှိသည့် အလားအလာကောင်းသည့် ရေမြုပ်ခံစပါး မျိုးသစ်၊ မိုးရေသောက်လယ်စပါးမျိုးသစ်၊ ဆည်ရေသောက်လယ်စပါးမျိုးသစ်၊ နိုင်ငံတော်မျိုးစေ့ကော်မတီသို့ မှတ်ပုံတင်ထားသော ဆားငန်ခံစပါးမျိုးသစ်များ အခြေအနေ၊ နည်းပညာ ဖြန့်ဖြူးပေးနိုင်မှုများကို ရှင်းလင်းတင်ပြရာ ကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် သုတေသနစပါးစိုက်ကွင်းနှင့် မျိုးစပါးထုတ်လုပ် စမ်းသပ်နေမှု၊ သဘာဝမြေသြဇာပြုလုပ်နေမှု၊ ဒေသအလိုက် သင့်တော်သည့် မျိုးစပါးများ ပြသထားမှု၊ သီးထပ်ရင် မျိုးသန့်စပါး ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းမှု ကြည့်ရှုအားပေး



နေပြည်တော် ဒီဇင်ဘာ ၂၀

(၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ခုတင် (၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ဂုဏ်ပြုသွေးလှူဒါန်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၁၃၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ဒုတိယရဲချုပ်များနှင့် ဇနီးများ၊ ရဲအရာရှိကြီးများ၊ နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ စန်းလွင်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်တစ်ဦးချင်းစီကို အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်သည်။

ထို့အတူ ဒီဇင်ဘာ ၂၁ ရက်တွင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၁၉ ဦးတို့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် ဘောလုံး(အမျိုးသား) ပြိုင်ပွဲဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဘောလုံးအားကစားသမားကောင်းများစွာ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် (၃)တို့၌ ကျင်းပသည်။





### ယှဉ်ပြိုင်

ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိလေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲများသို့ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

### ယှဉ်ပြိုင်ကစား

ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ဒီဇင်ဘာ၂၁ ရက် နံနက် ၇ နာရီခွဲတွင် လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအသင်း၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၃) ၌ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်၌ အင်ဂျင်နီယာမွမ်းမံသင်တန်း အမှတ်စဉ်(၂)ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ အင်ဂျင်နီယာမွမ်းမံသင်တန်း အမှတ်စဉ် (၂) ဖွင့်ပွဲ ကို ဒီဇင်ဘာ ၁၉ ရက်နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမျိုးက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်/မြို့နယ်များမှ သင်တန်းသူ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

၂၂

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်အဆင့်ကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌက အမျိုးသားအဆင့်ကော်မတီအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးလုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအဆင့် လုပ်ငန်းကော်မတီ (၅)ရပ်အပြင် ပြည်နယ်အဆင့် ကော်မတီများ ဖွဲ့စည်း၍ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

IDP စခန်းများအား စိစစ်လေ့လာသုံးသပ်၍ အကြံပြုချက်များ ဖော်ထုတ်တင်ပြရေးအဖွဲ့ကိုလည်း ဖွဲ့စည်း၍ ကွင်းဆင်းဆောင်ရွက်ထားပြီးဖြစ်သဖြင့် IDP စခန်းများအလိုက် ရောက်ရှိနေထိုင်နေကြသူများ၏ ရပ်တည်နေထိုင်မှုကို စိစစ်လေ့လာပြီး စခန်းများ ပိတ်သိမ်းနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြရန်နှင့် အားလုံးပါဝင်ဆွေးနွေးပေးကြပါရန် တိုက်တွန်းလိုပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် ပြန်လည်နေရာချထားရေးအတွက် လက်ရှိ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်သွားကြရန်နှင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် ထပ်မံဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်းပြီး လုပ်ငန်းကော်မတီဝင် ဝန်ကြီးဌာနများအလိုက် ရန်ပုံငွေထည့်သွင်းလျာထား ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းစဉ်များကို အားလုံးပူးပေါင်းပါဝင်၍ တက်ကြွစွာ ဆောင်ရွက်ခဲ့ကြသဖြင့် ၂၀၂၁ ခုနှစ် မတ်လမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလကုန်အထိ ကာလအတွင်း အိမ်ထောင်စု ၁၆၇၇၃ စု၊ လူဦးရေ ၇၂၇၇၁ ဦးတို့ကို မူလနေရာများသို့ ပို့ဆောင်နေရာချထားပေးနိုင်ခဲ့ပြီး IDP နှင့် တိုက်ပွဲရှောင်စခန်း ၁၇၀ ကို ပိတ်သိမ်းနိုင်ခဲ့ပါကြောင်း။

ပြည်တွင်းနေရပ်စွန့်ခွာသူများကို မူလနေရပ် အပါအဝင် ပြန်လည်နေရာချထားသည့် ဒေသများတွင် အမြဲအခိုင်အမာ၍ အဆင်ပြေစွာ ရပ်တည်နေထိုင်နိုင်စေရန် စီမံဆောင်ရွက်ပေးခြင်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းတို့ဖြင့် လက်နက်ကိုင်ပဋိပက္ခများနှင့် လူမှုရေးပဋိပက္ခများကို လျော့နည်းပပျောက်စေနိုင်သကဲ့သို့ ဒေသတွင်းဖွံ့ဖြိုးရေးအစီအစဉ်များ ဖော်ဆောင်နိုင်ရန်အတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများအားလုံး အချိတ်အဆက်မိမိနှင့် ဟန်ချက်ညီညီ ထိရောက်ပီပြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့်ကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှုအခြေအနေ၊ IDP Camp များနှင့် တိုက်ပွဲရှောင်စခန်းများတွင် အချက်အလက်ကောက်ယူခြင်းနှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးမှုအခြေအနေ၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ထောက်ပံ့ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ထိုးနှံသွားမည့် အစီအစဉ်များ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးနေမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် မူလနေရပ်သို့ ပြန်လည်နေထိုင်လိုသူများအတွက် လတ်တလော လိုအပ်သည်များကို ထောက်ပံ့ကူညီပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုက အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းကော်မတီများနှင့် ပြည်နယ်အဆင့် ကော်မတီများအနေဖြင့် (၂/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် IDP စခန်းများအား လေ့လာသုံးသပ်၍ အကြံပြုချက်များ ဖော်ထုတ်တင်ပြရေးအဖွဲ့ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ IDP စခန်းများတွင် နေထိုင်ကြသူများ၏ ရပ်တည်နေထိုင်မှုများအပေါ် ကွင်းဆင်းစိစစ်လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့်ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်အဆင့်ကော်မတီများမှ တာဝန်ရှိသူတို့က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များရှိ လူမှုဖူလုံရေးအကျုံးဝင်အာမခံအလုပ်သမားများသို့ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၀

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ယနေ့တွင် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) နှစ်စီးဖြင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်နှင့် ရွှေလင်ပန်းစက်မှုဇုန်တို့မှ လူမှုဖူလုံရေးအကျုံးဝင် အလုပ်သမားများအား အလုပ်ဌာနအရောက်ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးမှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ အာမခံအလုပ်သမားများအတွက် ကျန်းမာရေးသုံးပစ္စည်းဖြစ်သော တစ်ခါသုံးနှာခေါင်းစည်း (Disposable Mask) နှင့် အားဆေးများကို ပေးအပ်သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂၁) သောင်ကြီးမြောက် ရန်ကုန်-ပုသိမ်လမ်းမကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ (ထန်းတပင်)သို့ သွားရောက်ပြီး ခေတ္တဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုသည် လူမှုဖူလုံရေးအဖွဲ့၏ အဓိကကျသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်၍ အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးအပ်နိုင်ရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်း အင်အားပြည့်လည်ပတ်ရန် လိုအပ်ချက်ကိုလည်း အတတ်နိုင်ဆုံးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပညာရှင်များဖြစ်သည့်အတွက် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်နှင့် မိမိလုပ်ငန်း အောင်မြင်စေရန်အတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိက လိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်နှင့် ယခုထက် ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးနိုင်ရန် လမ်းညွှန်မှာကြားခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားဆေးရုံကြီးအတွင်း ပြင်ပလူနာဌာန၌ လာရောက်ပြသသည့် ပြင်ပလူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ဆေးဝါးကုသပေးနေမှုများကိုလည်းကောင်း၊ အတွင်းလူနာကုသပေးသည့် လူနာဆောင်များကိုလည်းကောင်း၊ Oxygen Plant ဖြင့် Oxygen ထုတ်လွှတ်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ၁၁၉ မြို့နယ်ရှိ အကျုံးဝင်အာမခံအလုပ်သမား ၁ ဒသမ ၂၃ သန်းခန့်၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ် လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၈ ခန်း၊ စာချုပ်ဆေးခန်း ၃၇ ခန်း၊ သားဖွားမီးယပ် ဝန်ဆောင်မှုဆောင်ရွက်နေသော ဆေးခန်းရှစ်ခန်း၊ တိုင်းရင်းဆေးခန်းတစ်ခန်းအပြင် ရွေ့လျားဆေးကုသယာဉ် နှစ်စီးဖြင့် အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အာမခံအလုပ်သမား ၈၈၄၁၈၇ ဦး အကျုံးဝင်ထားရှိပြီး အဓိကလုပ်သားအင်အားနှင့် စက်ရုံ၊ အလုပ်ရုံ များပြားသည့်အတွက် ရွေ့လျားကုသယာဉ်ဖြင့်ကုသမှုကို စက်မှုဇုန်ကြီးများသို့ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်စက်မှုဇုန်များကိုလည်း အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂၀**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski အား အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေး အဖွဲ့ (International Organization for Migration– IOM) အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများအတွက် စနစ်တကျ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဝန်ဆောင်မှုများ၊ အကူအညီများ ပေးအပ်လျက်ရှိသည့် အခြေအနေနှင့် IOM ၏ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်၊ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်ကြသော ဝန်ထမ်းများအား မိသားစုသဖွယ် အသိအမှတ် ပြုသောအားဖြင့် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးရုံးမှဝန်ထမ်းများ နေ့လယ်စာစားပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ အလေးထား ဆောင်ရွက်နေကြသည့်အတွက် အသိအမှတ်ပြုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး၊ အထက်နှင့် အောက် အပြန်အလှန် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ဖော်ကိုင်ဖက်အချင်းချင်း စည်းလုံးညီညွတ်စွာ၊ အေးအတူ ပူအမျှ ပျော်ရွှင်စွာ၊ တာဝန်ကျေပွန်စွာ၊ ရင်းနှီးခင်မင်စွာ ဆက်လက်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးဦးရဲတင့်တို့က ဝန်ထမ်းများအား အခြေခံ စားသောက်ကုန်များဖြစ်သည့် စားသုံးဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်

**သာယာဝတီ ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီးအတွင်း ခရိုင်နှင့် မြို့နယ်များအလိုက် လူဦးရေစာရင်းမှန်ကန်စေရေး ပဲခူးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီက ဖွင့်လှစ်ပို့ချမည့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သာယာဝတီခရိုင် ဦးစီးမှူး ဦးဝင်းမြတ်ထွဋ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီးအတွင်း ခရိုင်နှင့် မြို့နယ်များအလိုက် လူဦးရေစာရင်းမှန်ကန်စေရန် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး(Working Group)များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ စာရင်းကောက်လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျင့်ဝတ်များ၊ အိမ်ထောင်စုစာရင်းရေးသွင်းခြင်းနှင့် စာရင်းကောက်များ သိထားသင့်သည်များကို ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စုနှင့် ထန်းတောကြီးကျေးရွာအုပ်စု နှစ်စုရှိ တောင်သူများနှင့်တွေ့ဆုံကာ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နေကြာနှင့် နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆင်သေရေလှောင်တမံမှ နွေစပါး ရေပေးဝေနိုင်မှုအခြေအနေများနှင့် ဂွေးပင်စံပြကျေးရွာ၏ စနစ်ကျလယ်ယာမြေ ၇၉ ဒသမ ၈၈ ဧက ဆောင်ရွက်နေမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စနစ်ကျလယ်ယာမြေ၌ သီးနှံများစိုက်ပျိုးရာတွင် မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးမည့်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရမှ ဆောင်းသီးနှံနေကြာနှင့် နွေစပါးစိုက်ပျိုးရေးအတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေများ ခွင့်ပြုပေးထားကြောင်း၊ တပ်ကုန်းမြို့နယ် ဂွေးပင်စံပြကျေးရွာအုပ်စုနှင့် ထန်းတောကြီးကျေးရွာအုပ်စုတို့တွင် စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် စိုက်နည်းစနစ်၊ သွင်းအားစု၊ မျိုး၊ ရေ စသည်တို့ရရှိရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ပြီး ထွက်ရှိလာသည့် သီးနှံများအား သမဝါယမစနစ်ဖြင့် ဝယ်ယူကြိတ်ခွဲပေးနိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တောင်သူများ ပိုမိုအကျိုးဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်က စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပေးနေပြီး တပ်ကုန်းမြို့နယ်အတွင်း တစ်ဆက်တစ်စပ်တည်း လယ်မြေ ၇၉ ဒသမ ၈၈ ဧကကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းဖော်ထုတ် ဆောင်ရွက်နေကြောင်း၊ ယင်းလုပ်ငန်းကို သတ်မှတ်အချိန်မီပြီးစီးရေး တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲ၍ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် နွေစပါးနှင့် ဆောင်းနေကြာ၊ မတ်ပဲ စိုက်ပျိုးမည့်အစီအစဉ်များ၊ ကြိုတင်ပြင်ဆင်ရမည်များကို ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး ဒေသခံတောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ဂွေးပင်ခေတ်မီစံပြကျေးရွာ (SMART Village) အတွက် ၂၀၂၂–၂၀၂၃ ခုနှစ် ဆောင်းသီးနှံ နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ရှင်းလင်းပြောကြားကာ ဆောင်းသီးနှံနေကြာ စိုက်ပျိုးမည့် ကွင်းအမှတ် (၂၀၄၅)ရှိ လယ်မြေ ၁၀၃ ဧကအတွက် ရေဆင်းစပ်မျိုးနေကြာ(၁) ၁၀၃ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်သူ ဦးချစ်ကို၏ လယ်မြေသုံးဧကတွင် ရေဆင်းစပ်မျိုး နေကြာ(၁) အား စက်ဖြင့်စတင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ၏ ပြောင်းဖူး၊ ငရုတ်၊ ကြက်သွန်၊ အာလူးသီးနှံ ၁၀ ဧက ရေရရှိရေးအတွက် ရှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်မည့် ဆင်သေချောင်း ချောင်းပိတ်ရေတင်လုပ်ငန်းနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးသည်။

**သတင်းစဉ်**

# မြေပြင်ကွင်းဆင်းကောက်ယူရေးလုပ်ငန်းကို အချိန်တိုအတွင်းပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်၍ တိကျမှန်ကန်မြန်ဆန်အောင် အလေးထားဆောင်ရွက်



လွိုင်ကော် ဒီဇင်ဘာ ၂၀

၂၀၂၃ ခုနှစ်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အခြေခံမဲဆန္ဒရှင်စာရင်း မှန်ကန်ရေးသည် အဓိကအရေးကြီးကြောင်း ယနေ့ နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမ၌ကျင်းပသည့် ကယားပြည်နယ် မြေပြင် ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ ပြည်နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနား တွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြောကြားသည်။

**အလေးအနက်ထားဆောင်ရွက်**

ကယားပြည်နယ် မြေပြင်ကွင်းဆင်းကောက်ယူ ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် က မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးပြီး ရရှိလာ သည့်စာရင်းကိုအခြေခံကာ မှန်ကန်သည့် မဲစာရင်း ရရှိရေးနှင့် မသန်စွမ်းအမျိုးအစားအလိုက် စာရင်းကို လည်းတစ်ပါတည်း ကောက်ယူဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းပမာဏ များပြား သည့်အတွက် အချိန်တိုအတွင်းပြီးစီးအောင် ဆောင်ရွက် ရမည်ဖြစ်၍ လုပ်ငန်းတိကျမှန်ကန်မြန်ဆန်အောင် အလေးအနက်ထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင် ဝင်းဦးနှင့်ဘောလခဲခရိုင်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးသက်ခိုင်တို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများက သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၁ ရက် အထိ ပို့ချပေးသွားမည်ဖြစ်ပြီး ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ သင်တန်းသား ၂၀ တက်ရောက် ခဲ့ကြကြောင်း၊ ပြည်နယ်အဆင့် နည်းပြများက ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၇ ရာခိုင်နှုန်းရရှိရန် မျှော်မှန်း

နေပြည်တော် ဒီဇင်ဘာ ၂၀

အာဆီယံ + ၃ နိုင်ငံများ၏ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ က အိမ်ရှင်အဖြစ်လက်ခံ၍ Virtual စနစ်ဖြင့် ကျင်းပ သည်။

အဆိုပါ အစည်းအဝေးသို့ စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အာဆီယံ + ၃ နိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးဌာန များနှင့် ဗဟိုဘဏ်များမှ ဒုတိယဝန်ကြီးများနှင့် ဒုတိယဥက္ကဋ္ဌများ စုံညီစွာတက်ရောက်ကြသည်။

**ဆွေးနွေးတင်ပြ**

အစည်းအဝေးပထမပိုင်း Informal Session တွင် အာဆီယံ + ၃ ဒေသတွင်းနိုင်ငံများ၏ ၂၀၂၂ ခုနှစ်အတွက် စီးပွားရေးအခြေအနေ လေ့လာသုံးသပ် မှုများကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံ + ၃ မက်ခရိုစီးပွားရေး သုတေသနရုံး (ASEAN+3 Macroeconomic Research Office–AMRO)ကလည်းကောင်း၊ ဒေသတွင်း ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ဘဏ္ဍာရေးအစီအစဉ်များ ခေါင်းစဉ်ဖြင့် အာရှဖွံ့ဖြိုး ရေးဘဏ်ကလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဗဟို ဘဏ်ဒုတိယဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေး ကြသည်။






အစည်းအဝေး ဒုတိယပိုင်း Formal Session တွင် အာဆီယံ + ၃ မက်ခရိုစီးပွားရေးသုတေသနရုံး က ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများ၏ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို စုစည်းသုတေသနပြုမှုဆိုင်ရာ ဦးတည်ဆောင်ရွက် သွားမည့် နည်းဗျူဟာများ၊ ရုံးလုပ်ငန်းစဉ်များ၊ ၂၀၂၃ မှ ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် ကာလလတ် အကောင်အထည်ဖော်ရေးစီမံချက်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက ပိုင်းဝန်းဆွေးနွေးအတည်ပြုခဲ့ကြသည်။

ထို့ပြင် ချင်းမိုင်အစီအစဉ်တွင် နိုင်ငံစုံပါဝင် လာစေရေး လုပ်ငန်းစဉ်သဘောတူညီချက်အရ ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများတွင် ဘဏ္ဍာရေးဆိုင်ရာ၊ ငွေကြေးဆိုင်ရာအခက်အခဲများဖြစ်ပေါ်ပါက ဖြေရှင်း ထောက်ပံ့နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်းသော လုပ်ငန်းဆောင်ရွက်မှု လက်စွဲကို ပြင်ဆင်ဖြည့်စွက် ခြင်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အတိုးနှုန်းမူဘောင် သတ်မှတ်ခြင်းများကို အစည်းအဝေးအစီအစဉ် အတိုင်း ဆက်လက်ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**ပါဝင်ဆွေးနွေး**

အဆိုပါအစည်းအဝေး၌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက COVID-19 ရောဂါပျံ့နှံ့မှုများ၊ စွမ်းအင်ဆိုင်ရာ ရေနံနှင့်လောင်စာဆီ အခက်အခဲများ၊ မြင့်တက်လာသော ကုန်စည်ဈေးနှုန်းများနှင့် ငွေဖောင်းပွမှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် စိန်ခေါ်မှုများစွာ ရင်ဆိုင်ခဲ့ရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း COVID-19 ကာလအလွန် နိုင်ငံ့စီးပွားရေးပြန်လည် ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် စီးပွားရေး တိုးတက်မှုနှုန်းကို ၃ ဒသမ ၇ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားကြောင်း၊ ယခု ၂၀၂၂ ခုနှစ် ပထမ ခြောက်လအပြီးတွင် စီးပွားရေးတိုးတက်မှုနှုန်း ၃ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ကြောင်း၊ စိုက်ပျိုးရေး နှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရန်နှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရန် အားပေးမြှင့်တင်သွားမည်ဖြစ် ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ခိုင်မာအားကောင်းပြီး အားလုံးပါဝင်သော စီးပွားရေးတိုးတက်မှုတွင် ပါဝင် နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး နိုင်ငံတကာအသိုက် အဝန်းတွင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ တာဝန် ကျေပွန်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ပါဝင်ဆွေးနွေးပြောကြား ခဲ့သည်။

အာဆီယံ + ၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယ အကြီးအကဲများ အစည်းအဝေးကို အာဆီယံနိုင်ငံများ နှင့် အပေါင်းသုံးနိုင်ငံဖြစ်ကြသည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံများတွင် အလှည့်ကျပူးတွဲ အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိရာ ယခုနှစ်အတွက် အိမ်ရှင်အဖြစ် အာဆီယံနိုင်ငံများဘက်မှ ကမ္ဘောဒီးယား နိုင်ငံနှင့် အပေါင်းသုံးနိုင်ငံဘက်မှ တရုတ်ပြည်သူ့ သမ္မတနိုင်ငံက Co-Chairs များအဖြစ် လက်ခံကျင်းပ ခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့မီးရထားမှ မန္တလေး-လားရှိုးလမ်းပိုင်းရှိ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင်ခရီးစဉ် RBE ရထားများ ပြေးဆွဲပေးမည်

နေပြည်တော် ဒီဇင်ဘာ ၂၀

မြန်မာ့မီးရထား အနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး အတွက် စီစဉ်ဆောင်ရွက်ပေး လျက်ရှိရာ ရထားလမ်းပိုင်း အသီးသီးတွင် လူစီးရထားများ ကို ပြေးဆွဲဆောင်ရွက်ပေး လျက်ရှိသည်။




ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား အနေဖြင့် မန္တလေး–လားရှိုး လမ်းပိုင်းရှိ ပြင်ဦးလွင်–ဂုတ်ထိပ် အပိုင်းတွင်ပြည်တွင်းမှ ခရီးသွား လာမည့်ပြည်သူများ၊ နိုင်ငံခြား သား ခရီးသွားလာသူများအား သမိုင်းဝင် ဂုတ်ထိပ်တံတားကြီး အား လေ့လာကြည့်ရှုနိုင်ရန်၊ လမ်းခရီးရှိ ရေမြေတောတောင် သဘာဝရှုခင်းများ လေ့လာ ကြည့်ရှုနိုင်ရန်၊ ရှမ်းပြည်နယ် အတွင်းရှိ ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ပြင်ဦးလွင်–ဂုတ်ထိပ်–ပြင်ဦးလွင် (အသွား/အပြန်)ခရီး စဉ်အား ဒီဇင်ဘာ ၂၂ ရက် (ကရင် နှစ်သစ်ကူးရုံးပိတ်ရက်) နေ့မှ စတင်၍ နေ့စဉ်ပြေးဆွဲပေးသွား မည်ဖြစ်သည်။ ပြေးဆွဲရာတွင် RBE ရထားသည် ပြင်ဦးလွင် ဘူတာမှ နံနက် ၈ နာရီခွဲတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိမည် ဖြစ်သည်။ ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၂ နာရီတွင် ပြန်လည် ထွက်ခွာပြီး ပြင်ဦးလွင်ဘူတာသို့ ညနေ ၅ နာရီခွဲတွင် ပြန်လည် ရောက်ရှိမည်ဖြစ်သည်။ ခရီးစဉ် တွင် ခရီးသည် ၄၀ လိုက်ပါစီးနင်း နိုင်မည်ဖြစ်ပြီး ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချို ဘူတာများ တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ လက်မှတ်ခနှုန်းထား အနေဖြင့် ခရီးသည် တစ်ဦးလျှင် ခရီးစဉ် အစ/အဆုံး ကျပ် ၃၅၀၀ နှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မြန်မာ့မီးရထား အနေဖြင့် လက်ရှိပြေးဆွဲပေးလျက်ရှိသော ရထားခရီးစဉ်များတွင် ခရီးသည် စီးနင်းမှု များပြားလာသည်နှင့် အမျှ ရထားတွဲဆိုင်းများ ပိုမို ချိတ်ဆက်ခြင်း၊ ရထားစင်းရေ တိုးမြှင့်ပြေးဆွဲခြင်းများ ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း နှင့် ခရီးသွားမိဘပြည်သူများ အနေဖြင့် လုံခြုံစိတ်ချစွာလိုက်ပါ စီးနင်းနိုင်သည်။

**မြန်မာ့မီးရထား**

# ပုဂ္ဂလိကတိုင်းရင်းဆေးဝါးထုတ်လုပ်မှုဆိုင်ရာ တိုင်းရင်းဆေးဆရာများ၏ ကြီးကြပ်မှုစွမ်းရည်မြှင့်သင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၂၀

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ ကြီးမှူးဖွင့်လှစ်သော ပုဂ္ဂလိကတိုင်းရင်းဆေးဝါး ထုတ်လုပ်မှုဆိုင်ရာ တိုင်းရင်းဆေးဆရာများ၏ ကြီးကြပ်မှုစွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ နာယက တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဆရာကြီးဦးစိုးဝင်းက သင်တန်းဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းရင်းဆေးကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ သင်တန်းသား သင်တန်းသူ တိုင်းရင်းဆေးဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းတွင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေး တက္ကသိုလ်တို့မှ တာဝန်ရှိသူများက ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၁ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တီအမ်**



# ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် အခွန်ရှောင်တိမ်းခြင်းဆိုင်ရာ အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်အား ရှင်းလင်းဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃) ရန်ကုန်တိုင်းဒေသကြီးမှ ကျင်းပသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် အခွန်ရှောင်တိမ်းခြင်းဆိုင်ရာ အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်အား ရှင်းလင်းဆွေးနွေးပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ (ခန်းမ) ရန်ကုန်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၃) ဌာနမှူး ညွှန်ကြားရေးမှူး ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွန်းက ရှင်းလင်းဆွေးနွေးပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးကိစ္စ ဆောင်ရွက်နေမှုများ၊ ပြည်တွင်းအခွန်များဦးစီးဌာနက ပူးပေါင်းဆောင်ရွက်မှုများနှင့် အများပြည်သူ သိရှိလိုက်နာရန် သတ်မှတ်ချက်များအား ရှင်းလင်းဆွေးနွေးသည်။ အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ အခွန်ထမ်းကုမ္ပဏီ ၂၅၆ ခု တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသား(အလွတ်တန်း) ဘောလုံး၊ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



ချောင်းသာ ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီဇင်ဘာအားကစားလသဲသောင်ပြင်အမျိုးသား (အလွတ်တန်း) ဘောလုံး၊ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက Azura Hotel ရှေ့ ကမ်းခြေသဲသောင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူဦး၊ တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးဝေဖြိုးအောင်နှင့် မြို့အဆင့်ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ဒေသခံများ၊ ခရီးသွားပြည်သူများနှင့်အတူ ဗိုလ်လုပွဲစဉ်အား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ရပ်ကွက် (၂) အသင်း၊ ဒုတိယဆုရရှိသည့် ရပ်ကွက် (၁) အသင်းနှင့် ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကံကြီးအသင်းတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရပ်ကွက် (၁-ခ) အသင်းအား တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ဂုဏ်ပြုဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲများတွင် ဌာနဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု၊ ဟိုတယ်ဇုန်များပါဝင်သော အဖွဲ့များဖြင့် ဘောလုံးပြိုင်ပွဲ ၁၀ သင်း၊ ဘော်လီဘောပြိုင်ပွဲ ခြောက်သင်းတို့ဖြင့် ယှဉ်ပြိုင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ချောင်းသာ(ပြန်/ဆက်)**



# အခြေခံမြန်မာ့ရိုးရာသိုင်းပညာသင်တန်း ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)တွင် အခြေခံမြန်မာ့ရိုးရာသိုင်းပညာသင်တန်းကို ယမန်နေ့ ညနေ ၄ နာရီက ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ အဆိုပါ ဒီဂရီကောလိပ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၌ ပညာသင်ယူနေကြသည့် တိုင်းရင်းသားလူငယ်မောင်မယ်များကို ကျန်းမာကြံ့ခိုင်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တစသည့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာစေရန်နှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အခြေခံမြန်မာ့ရိုးရာသိုင်းပညာသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အဆိုပါသင်တန်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မှော်ဘီမြို့နယ်၌ အဆင့်မြင့်မော်တာ စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

မှော်ဘီ ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်မော်တာ စက်ချုပ်သင်တန်းကို ပျဉ်ထောင်တွင်းကျေးရွာ၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယနေ့ နံနက်ပိုင်းက အဆင့်မြင့်မော်တာ စက်ချုပ်သင်တန်းဆင်းပွဲကို အဆိုပါကျေးရွာရှိ ကျေးရွာခန်းမ၌ ကျင်းပကြောင်း သိရသည်။



အဆိုပါ သင်တန်းဆင်းပွဲတွင် မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က သင်တန်းဆင်းအမှာစကားများပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးတင်စိုးက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ တစ်လကြာ ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ ကျေးရွာနေပြည်သူ ၂၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

■

# ဖျာပုံ၌ တိုင်းဒေသကြီးအဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးနည်းပြသင်တန်း ဖွင့်လှစ်

ဖျာပုံ ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ခရိုင်လူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှ ဦးဆောင်၍ တိုင်းဒေသကြီးအဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ဖျာပုံခရိုင်လူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးတင်လင်းက မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများကိုလည်း ဒီဇင်ဘာ ၂၇ ရက်တွင် ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်ပြီးသူ နည်းပြများအနေဖြင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူကြမည့် (Working Group) များကို မြေပြင်တွင် လုပ်ငန်းများလက်တွေ့ လုပ်ဆောင်နိုင်သည်အထိ သင်ကြားပို့ချပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နေပြည်တော်ရုံးချုပ်တွင် သင်တန်းတက်ရောက်ခဲ့သော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖျာပုံခရိုင်ဦးစီးမှူး ဦးဇော်နိုင်အေးက နည်းပြအဖြစ် ဆောင်ရွက်ပြီး ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်လေးခုမှ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးသင်တန်းသား သင်တန်းသူ ၈၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

၂၀၇



# လာအိုနိုင်ငံ၏ နိုဝင်ဘာလအတွင်း ကုန်သွယ်ရေးလိုငွေပြမှု အမေရိကန်ဒေါ်လာ ၄၅ သန်းရှိ



ဗီယင်ကျန်း ဒီဇင်ဘာ ၂၀

လာအိုနိုင်ငံ၏ နိုဝင်ဘာလအတွင်း ကုန်သွယ်ရေးလိုငွေပြမှုသည် အမေရိကန်ဒေါ်လာ ၄၅ သန်းရှိကြောင်း လာအိုနိုင်ငံ ကုန်သွယ်ရေးပေါ်တယ်ဝက်ဘ်ဆိုက်က ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

လာအိုနိုင်ငံ ကုန်သွယ်ရေးပေါ်တယ်ဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်သည့်ထုတ်ပြန်ချက်အရ လာအိုနိုင်ငံသည် အချိန်ကုန်သက်သာပြီး ငွေကြေးကုန်ကျမှုနည်းသည့် တရုတ်-လာအို မီးရထားလမ်းကို အသုံးပြု၍လည်း ကုန်ပစ္စည်းများတင်ပို့ခြင်းနှင့် တင်သွင်းခြင်းတို့ကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံ၏ နိုဝင်ဘာလအတွင်း ကုန်သွယ်မှုတန်ဖိုးစုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၁၀၈၃ သန်းရှိပြီး ၎င်းတို့အနက် အမေရိကန်ဒေါ်လာ ၅၁၉ သန်းသည် ပို့ကုန်တန်ဖိုးဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၅၆၄ သန်းသည် သွင်းကုန်တန်ဖိုးဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လာအိုနိုင်ငံအတွက် အဓိက ကုန်ပစ္စည်းတင်ပို့မှု အများဆုံးနိုင်ငံအဖြစ်ရှိနေပြီး တရုတ်နိုင်ငံနောက်တွင် ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် လာအိုနိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှု အများဆုံးနိုင်ငံများအဖြစ် အသီးသီး ရပ်တည်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် လာအိုနိုင်ငံ၏ အဓိက ကုန်ပစ္စည်းတင်သွင်းသည့် နိုင်ငံများထဲတွင် ထိုင်း၊ တရုတ်၊ ဆွစ်ဇာလန်၊ ဗီယက်နမ်နှင့် အမေရိကန်နိုင်ငံတို့လည်း ပါဝင်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ယခုနှစ်အတွင်း ဖြစ်ပွားသည့် ရေကြီးရေလျှံမှုများအတွင်း ဒေသခံ ၅၆၀၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၀

မလေးရှားနိုင်ငံ၌ ယခုနှစ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ပြည်နယ်ငါးခုရှိ ဒေသခံ ၅၆၁၅၉ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း မလေးရှားအစိုးရ၏ ဒီဇင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။



ရေကြီး ရေလျှံမှုများကြောင့် ကီလန်တန်ပြည်နယ်ရှိ ဒေသခံ ၁၇၃၂၆ ဦးနှင့် တီရန်ဂါနူပြည်နယ်မှ ဒေသခံ ၃၇၇၉၂ ဦးအား ကယ်ဆယ်ရေး စင်တာများသို့ ပို့ဆောင်ပေးခဲ့ရကြောင်း မလေးရှားနိုင်ငံပိုင် သတင်းအေဂျင်စီ Bernama က ပြောကြားသည်။

အဆိုပါရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်ပြည်နယ်များ၌ မြစ်ရေမှာ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိခဲ့ကြောင်းနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်များအတွင်း တစ်နှစ်အရွယ်ကလေးငယ်တစ်ဦး အပါအဝင် ငါးဦးသေဆုံးကြောင်း သိရသည်။

လက်ရှိအချိန်တွင် တီရန်ဂါနူပြည်နယ်၏ ရေကြီးရေလျှံမှုအခြေအနေကို တိကျစွာ သိရှိနိုင်ရန် ဆက်လက် စောင့်ကြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး ကီလန်တန်ပြည်နယ်တွင်လည်း အလားတူ စောင့်ကြည့်ခြင်းကို ဆောင်ရွက်သွားမည်ဟု မီးသတ်နှင့် ကယ်ဆယ်ရေးဌာနမှ ညွှန်ကြားရေးမှူး အာမက်အစ်ဇရမ်အော့စ်မန်က ပြောကြားသည်။

နိုင်ငံအတွင်းရှိ အခြားသော ရေကြီးရေလျှံမှုဖြစ်ပွားသည့် ပါဟန်၊ ဂျိုဟိုနှင့် ပီရက်ပြည်နယ်တို့ရှိ ဒေသခံပြည်သူ ရာပေါင်းများစွာကိုလည်း ရေကြီးရေလျှံမှုမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

■

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စားနပ်ရိက္ခာ တိုးမြှင့်ထုတ်လုပ်ရေး ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ တိုက်တွန်းပြောကြား

ဒါကာ ဒီဇင်ဘာ ၂၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စားနပ်ရိက္ခာဖူလုံရေးအတွက် စားသောက်ကုန်များတိုးမြှင့်ထုတ်လုပ်ကြရန် တာဝန်ရှိသူများအား ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ဒီဇင်ဘာ ၁၉ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

လက်ရှိအချိန်၌ ကမ္ဘာ့စီးပွားရေးအခြေအနေမှာ ကျဆင်းလျက်ရှိသည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား အထက်ပါဖြစ်စဉ်မှ အခက်အခဲများ မပေါ်ပေါက်လာစေရေးအတွက် ယခုကဲ့သို့ စီမံဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့အနေဖြင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုမြှင့်တင်ခြင်းဖြင့် နိုင်ငံအတွက် အခက်အခဲများဖြစ်ပေါ်ခြင်းမှ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ထို့ပြင် နိုင်ငံအတွင်း ဆန်စပါးသိုလှောင်ရန်အတွက် ခေတ်မီဆန်စပါးသိုလှောင်ရေးနေရာ(silos)များကိုလည်း အစိုးရက တည်ဆောက်သွားမည်ဟု ၎င်းက ပြောကြားသည်။

ထို့ပြင် နိုင်ငံအတွင်းရှိစီးပွားရေးဇုန်များအတွင်း စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# တရုတ်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်

ကဘူးလ် ဒီဇင်ဘာ ၂၀

တရုတ်နိုင်ငံမှ လှူဒါန်းထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရက်ပြည်နယ်ရှိ စားနပ်ရိက္ခာလိုအပ်နေသောမိသားစု ၆၀၀၀ ကို ဖြန့်ဝေခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဟီရက်ပြည်နယ် ညွှန်ကြားရေးမှူး မိုဟာမက်ဟာရှင်ခါလိဒ်က ဒီဇင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အထက်ပါ အကူအညီပေးရေးအစီအစဉ်အရ ဆန်အိတ်များနှင့် ဂျုံ၊ ဘီစကစ်နှင့် သစ်သီးများကိုလည်း အာဖဂန်နိုင်ငံသားများရရှိခဲ့ကြကြောင်း သိရသည်။ မိမိတို့ အာဖဂန်နိုင်ငံသားများသည် လက်ရှိအချိန်တွင် ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်အကိုင်ရှားပါးမှုအခက်အခဲများကို ကြုံတွေ့နေရသောကြောင့် တရုတ်နိုင်ငံမှ ပေးပို့လှူဒါန်းသည့် ယခုအကူအညီသည် မိမိတို့၏ အခက်အခဲများကို များစွာပြေလည်စေခဲ့ကြောင်း ဟီရက်မြို့မှ ဒေသခံတစ်ဦးဖြစ်သည့် ဆေရက်အိုမာက ပြောကြားသည်။

တရုတ်နိုင်ငံမှ လှူဒါန်းသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအား ဒီဇင်ဘာ ၁၈ ရက်တွင် ဟီရက်ပြည်နယ်၏ အိမ်နီးချင်း နင်မရို့စ်ပြည်နယ်ရှိ မိသားစု ၄၀၀ သို့လည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယမန်နှစ်ကလည်း အာဖဂန်နစ္စတန်နိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ၊ ဆောင်းရာသီအဝတ်အစားများနှင့် စားနပ်ရိက္ခာများလည်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ဓာတ်ငွေ့အိုးပေါက်ကွဲမှုကြောင့် ၁၂ ဦး သေဆုံး

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၀

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ် လက်စ်ဘယ်လာခရိုင်ရှိ ဈေးတစ်ခုတွင် ဓာတ်ငွေ့အိုးပေါက်ကွဲမှုကြောင့် အနည်းဆုံး ၁၂ ဦးသေဆုံးပြီး အခြားသော ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

လက်စ်ဘယ်လာခရိုင်၏ ဒုတိယအကြီးအကဲ မူရက်ဒ်ကာဆီ၏ ပြောကြားချက်အရ အဆိုပါ ဓာတ်ငွေ့အိုးသည် ဒီဇင်ဘာ ၁၉ ရက်က ဈေးဆိုင်တစ်ခု၌ ဓာတ်ငွေ့ဖြည့်သွင်းရေးလုပ်ငန်းစဉ် လုပ်ဆောင်နေစဉ်အတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်းနှင့် အဆိုပါကြီးမားသော ပေါက်ကွဲမှုကြောင့် အနီးအနားရှိဈေးဆိုင်များသို့ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ဒဏ်ရာရရှိသူ ၂၅ ဦးအား ကရာချီတောင်ပိုင်းဆိပ်ကမ်းမြို့ရှိ ဆေးရုံတစ်ခုသို့ ဆေးဝါးကုသမှုခံယူရန် ညတွင်းချင်း ပို့ဆောင်ခဲ့ရာ မီးလောင်ဒဏ်ရာရရှိသူများအနက်မှ ၁၂ ဦးသည် ဆေးဝါးကုသမှုခံယူနေစဉ်အတွင်း ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာရရှိသူ အများစုသည် အရေးပေါ် အခြေအနေတွင် ရှိခြင်းကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာမည်ကို တာဝန်ရှိသူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။ ဈေးဆိုင်အတွင်း သိုလှောင်ထားသည့် အခြားသော ဓာတ်ငွေ့အိုးများလည်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဘေးချင်းကပ်ဈေးဆိုင်လေးဆိုင်နှင့် အနီးအနားတွင် ရပ်နားထားသည့် မော်တော်ယာဉ် ၁၂ စီး ပျက်စီးခဲ့ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# ရန်ကုန်တိုင်းဒေသကြီး၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ ဘင်္ဂါလီလူမျိုးများအား မလေးရှားနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန်အတွက် တရားမဝင် သယ်ယူပို့ဆောင်ပေးသူများအား ဖော်ထုတ်ဖမ်းဆီး



ရခိုင်ပြည်နယ်မှတစ်ဆင့် ဘင်္ဂါလီလူမျိုး ၂၅၅ ဦးအား စုစုပေါင်း ငါးကြိမ်သယ်ဆောင်ခဲ့သည့် တရားခံ သန့်ဇင်ဦး(ခ) သူရိန်ပါ ၁၀ ဦးနှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရွှေနံ့သာကျေးရွာ ဘားလားကျေးရွာအဝင်လမ်း သစ်ခွခြံအနီး၌ ဘင်္ဂါလီလူမျိုးများ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ မိုဟာမက်ဖိုက်စိန် (၁၄)နှစ်ပါ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ကို တွေ့ရှိရသဖြင့် ထိန်းသိမ်းစစ်ဆေးခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားရှိသူ ဘင်္ဂါလီလူမျိုးများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် နိုဝင်ဘာ ၁၄ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ လူအင်အား ၃၆ ဦးပါအဖွဲ့ဖြင့် စက်လှေစီးကာ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ ကျေးရွာတစ်ရွာသို့ ခိုးဝင်ခဲ့ကြောင်း၊ ယင်းကျေးရွာတွင် အခြားဘင်္ဂါလီလူမျိုး ၃၆ ဦးနှင့်အတူ ၆ ရက်ခန့်နေထိုင်ခဲ့ပြီး ၎င်းတို့ ၇၂ ဦးသည် မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ရန်အတွက် ပွဲစားလေးဦးနှင့်အတူ စက်လှေတစ်စင်းဖြင့် ၃ ရက် ၃ ညခန့် စီးနင်းထွက်ခွာခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ဝသို့ ရောက်ရှိခဲ့ပြီး ထိုနေရာ၌ အခြားစက်လှေတစ်စင်းပေါ်သို့ ပြောင်းရွှေ့စီးနင်း၍ ဆက်လက်ထွက်ခွာခဲ့ရာ ၂ နာရီအကြာတွင် ကျေးရွာတစ်ရွာသို့ ရောက်ရှိခဲ့ကြောင်း၊ စက်လှေပေါ်မှဆင်းပြီး တောလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကာ ကားလမ်းမပေါ်အရောက်၌ အသင့်စောင့်နေသည့် ဆီဘောက်ဆာကား တစ်စီးပေါ်သို့ တက်ရောက်ခဲ့ကြောင်း၊ ထိုသို့တက်ရောက်ရာတွင် လှေကားဖြင့် ဘောက်ဆာအမိုးပေါ်သို့ တက်ရောက်၍ အမိုးအဖုံးဖွင့်ကာ ဘောက်ဆာအတွင်းသို့ ဆင်းရကြောင်း၊ ဘောက်ဆာအတွင်း၌ အကန့်ရှစ်ခုပါရှိပြီး ၎င်းအကန့်များအတွင်း ဝင်ရောက်စီးနင်းခဲ့ရကြောင်း၊ လမ်းခရီးတစ်နေရာအရောက်၌ အခြားယာဉ် နှစ်စီးဖြင့် ပြောင်းရွှေ့စီးနင်း ဆက်လက်ထွက်ခွာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာတစ်ရွာသို့ ရောက်ရှိပြီး အဆိုပါကျေးရွာရှိ ခြံတစ်ခုအတွင်း၌ ၁၅ ရက်ခန့် နေထိုင်ခဲ့ကြောင်း၊ ထိုသို့နေထိုင်စဉ် ၎င်းတို့အနက်မှ လူ ၆၀ အား ပွဲစားများမှ အသီးသီးလာရောက် ခေါ်ဆောင်သွားခဲ့သဖြင့် ၎င်းတို့ ၁၂ ဦးသာ ကျန်ရှိခဲ့ကြောင်း၊ ၎င်းတို့အား နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် အဖြူရောင်မော်တော်ယာဉ်တစ်စီးဖြင့် လည်းကောင်း၊ ထို့နောက် အဖြူရောင်အငှားယာဉ်နှစ်စီးဖြင့် လည်းကောင်း အဆင့်ဆင့် ပြောင်းရွှေ့ခေါ်ဆောင်ကာ တွေ့ရှိထိန်းသိမ်းခံရသည့်နေရာ၌ ချထားပေးစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ထိန်းသိမ်းထားရှိသူ ဘင်္ဂါလီလူမျိုးများအား အသေးစိတ်စစ်ဆေးချက်အရ ၎င်းတို့ကို သယ်ယူပို့ဆောင်ထိန်းသိမ်းထားရှိရာတွင် ကိုယ်တိုင်ပါဝင်ကြီးကြပ် ဆောင်ရွက်သူဖြစ်သည့် သန့်ဇင်ဦး (ခ) သူရိန်၊ မော်တော်ယာဉ်များဖြင့် အဆင့်ဆင့်သယ်ယူပို့ဆောင်ပေးကြသူများဖြစ်ကြသည့် မြတ်စိုးဦး (ခ) ပြောင်ကြီး၊ ထက်ကျော်၊ အောင်သူ၊ မြင့်စိန်၊ ဇော်ဇော်လတ် (ခ) ရခိုင်လေး၊ ကျော်ကျော် (ခ) ကျော်ကြီးနှင့် မင်းမင်းထိုက်တို့အားလည်းကောင်း၊ ဘင်္ဂါလီများအား လက်ခံထိန်းသိမ်း ထားရှိပေးသူများဖြစ်ကြသည့် အေးခိုင် (ခ) ကိုအောင်၊ အောင်အောင်၊ ဇော်အောင် (ခ) မောင်ဇော်နှင့် ဇော်ဝင်း (ခ) အလီဘိုင်တို့ စုစုပေါင်း ၁၂ ဦး၊ ဇော်ဝင်း(ခ) အလီဘိုင်၏ နေအိမ်တွင် ထိန်းသိမ်းထားရှိသည့် ဘင်္ဂါလီလူမျိုး မိုဟာမက်ဂျာဘဲပါ အမျိုးသား ၁၉ ဦးနှင့်အတူ ဘင်္ဂါလီလူမျိုးများကို သယ်ယူပို့ဆောင်ရာတွင် အသုံးပြုခဲ့သည့် YGN 3C–6928 နံပါတ်ပါ ဆီဘောက်ဆာ ဖြူ/ပြာရောင်ယာဉ်ပါ မော်တော်ယာဉ် ခြောက်စီးတို့ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်နှင့် ၁၆ ရက်တို့တွင် အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံများ၏ ထွက်ဆိုချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းမှ ဘင်္ဂါလီလူမျိုးများအား မလေးရှားနိုင်ငံသို့ ပို့ဆောင်ရာတွင် သန့်ဇင်ဦး(ခ) သူရိန်၊ ထက်ကျော်၊ မြတ်စိုးဦး (ခ)ပြောင်ကြီး၊ မင်းမင်းထိုက်၊ အေးခိုင်(ခ) ကိုအောင်၊ ဇော်အောင်(ခ) မောင်ဇော်နှင့် အောင်အောင်တို့ပါဝင်သည့်အဖွဲ့က ရခိုင်ပြည်နယ် စစ်တွေဘက်မှ ဝင်ရောက်လာသည့် ဘင်္ဂါလီလူမျိုးများအား ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ သွားရောက်ခေါ်ဆောင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခေတ္တထိန်းသိမ်းပေးရန် ဘင်္ဂါလီတစ်ဦးလျှင် ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့် လက်ခံဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းတို့အဖွဲ့ လက်ခံထိန်းသိမ်းထားသည့် ဘင်္ဂါလီလူမျိုးများအား အလီလီသယ်ဆောင်သည့်သူများက လာရောက်ခေါ်ဆောင်ကာ မလေးရှားနိုင်ငံသို့ ပို့ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုသို့ သယ်ယူထိန်းသိမ်းပေးခြင်းအား အခကြေးငွေယူ၍ ဆောင်ရွက်ခဲ့သည်မှာ ငါးကြိမ်ခန့်ရှိပြီဖြစ်ပြီး ဘင်္ဂါလီလူမျိုး ၂၅၅ ဦးတို့ကို တရားမဝင် သယ်ဆောင်ထိန်းသိမ်းပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ တရားမဝင်သယ်ဆောင်ထိန်းသိမ်းပေးခဲ့သည့် ငါးကြိမ်အနက် ပဉ္စမအကြိမ် ဒီဇင်ဘာ ၄ ရက်တွင် စစ်တွေမြို့မှ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းမြို့ ပုသိမ် – မုံရွာကားလမ်းဘေး တောစပ်တစ်နေရာသို့ ဘင်္ဂါလီလူမျိုး ၃၃ ဦးအား ချိန်းဆိုပို့ဆောင်ပေးခဲ့သဖြင့် မြတ်စိုးဦး(ခ) ပြောင်ကြီးမှ YGN 3C– 6928 ဆီဘောက်ဆာကားအား မောင်းနှင်ကာ ဇော်အောင်(ခ) မောင်ဇော်က အဖော်အဖြစ်လိုက်ပါ၍ သွားရောက်သယ်ဆောင်ခဲ့ကြောင်း၊ ထိုသို့ သယ်ဆောင်ရာတွင် ပုသိမ် – မုံရွာ ကားလမ်းအတိုင်း မောင်းနှင်ခဲ့ကြောင်း၊ **စာမျက်နှာ ၁၆ သို့** ❖

ဘင်္ဂါလီလူမျိုးများအား တရားမဝင်သယ်ယူပို့ဆောင်ရာတွင် ပူးပေါင်းပါဝင်ပတ်သက်သူများ၏ အခြေပြဇယား






၈–၁၂–၂၀၂၂ ရက်တွင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့သည့် ဘင်္ဂါလီလူမျိုးများကို တွေ့ရစဉ်။



၁၇–၁၂–၂၀၂၂ ရက်တွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့သည့် ဘင်္ဂါလီလူမျိုးများကို တွေ့ရစဉ်။



၅–၁၂–၂၀၂၂ရက်တွင်လှည်းကူးမြို့နယ် ဘားလားကျေးရွာအနီး၌ ဘင်္ဂါလီလူမျိုး ၁၃ ဦးအား သေဆုံးလျက်ရှိသည်ကို တွေ့ရစဉ်။

# ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်အား NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၀

ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်အား ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)နှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့များက လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားများ ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ပြေးဆွဲနေသည့် ချယ်ရီ(၂)ရေယာဉ်အား အကြမ်းဖက် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲမှုကြောင့် အပြစ်မဲ့ ခရီးသွားပြည်သူစုစုပေါင်း (၁၇)ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ထိုကဲ့သို့ အပြစ်မဲ့ခရီးသွားပြည်သူများအား ပစ်မှတ်ထား လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် လုံးဝလက်မခံနိုင်ကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ တနင်္ဂနွေနေ့ ညနေပိုင်းတွင် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသော ချယ်ရီ(၂)ရေယာဉ်အား အကြမ်းဖက်သမားအချို့က လက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဖြစ်စဉ်ကြောင့် အပြစ်မဲ့ခရီးသွားပြည်သူစုစုပေါင်း ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မကောင်းစွာ ကြားသိရပါသည်။

ဤသို့ ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် ရေယာဉ်အား ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

# 2022 AFF Cup ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့အဖြစ် မြန်မာနှင့် မလေးရှား ယနေ့ကစားမည်



ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် တွေ့ရသည့် မြန်မာအသင်း နည်းပြချုပ် အန်တွမ်မီဟေးနှင့် အသင်းခေါင်းဆောင် မောင်မောင်လွင်

ရန်ကုန် ဒီဇင်ဘာ ၂၀

2022 AFF Cup ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၂၁ ရက် (ယနေ့)တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မလေးရှားအသင်းနှင့် အိမ်ကွင်းပွဲ ကစားရမည်ဖြစ်သည်။

အုပ်စု(ခ) ပထမနေ့အဖြစ် ဒီဇင်ဘာ ၂၁ ရက် ညနေ ၄ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် မလေးရှားအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွင်း၌ လာအိုအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု(ခ)တွင်ဗီယက်နမ်၊ မြန်မာ၊ မလေးရှား၊ စင်ကာပူနှင့် လာအိုအသင်းတို့ပါဝင်ပြီး ပထမနေ့တွင် စင်ကာပူအသင်းပွဲမပါဝင်ဘဲ ကျန်လေးသင်း ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် မလေးရှားအသင်းပွဲကို SKY NET ရုပ်သံလိုင်းများဖြစ်သည့် SKY NET Sports HD နှင့် SKY NET Sport 4 ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။ မြန်မာနှင့် မလေးရှားအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက သုဝဏ္ဏဘောလုံးကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်နှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်သည်။

မြန်မာအသင်းနည်းပြချုပ် အန်တွမ်မီဟေးက "AFF Cup ပြိုင်ပွဲအတွက် သေချာပြင်ဆင်ထားသလို အကောင်းဆုံးလူစာရင်းကိုလည်း ရွေးချယ်ထားပါတယ်။ ထိုင်းနဲ့ပွဲအပြီးမှာ ကျွန်တော်တို့ ပြင်ဆင်ချိန်ရှိတဲ့အတွက် အကောင်းဆုံးအနေအထားဖြစ်အောင် ပြန်ပြင်ဆင်ထားပါတယ်။ အားနည်းချက်၊ လိုအပ်ချက်တွေကို ပြင်ဆင်ထားပြီး ထိုင်းနဲ့ခြေစမ်းပွဲက မတူညီတဲ့ကစားပုံကို တွေ့မြင်ရမှာပါ။ သုံးနှစ်ကျော်ကာလအတွင်း ပထမဆုံး အိမ်ကွင်းပြန်ကစားရမှာဖြစ်တာကြောင့် ပရိသတ်တွေအနေနဲ့ အားပေးဖို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

မလေးရှားအသင်းနည်းပြချုပ် ကင်မ်ပန်ဂွန်က "ကျွန်တော်တို့ ဒီပြိုင်ပွဲအတွက် ကောင်းကောင်းပြင်ဆင်ထားပါတယ်။ အသင်းအနေနဲ့ မလေးရှားပရိသတ်တွေအတွက် အကောင်းဆုံးခြေစွမ်းပြပြီး အကောင်းဆုံးရလဒ်ရယူပေးနိုင်ဖို့ ယုံကြည်နေပါတယ်။ မြန်မာအသင်းနဲ့ ကစားရတဲ့ အဝေးကွင်းတွေမှာ ရလဒ်ဆိုးခဲ့ပေမယ့် ဒီတစ်ကြိမ်မှာတော့ ရလဒ်ကောင်းရယူနိုင်အောင် ကြိုးစားမှာပါ" ဟု ပြောကြားခဲ့သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - သော်ကြီး**

# ဖလမ်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ဖလမ်း ဒီဇင်ဘာ ၂၀

ချင်းပြည်နယ် ဖလမ်းမြို့၌ ၂၀၂၂ ခုနှစ် ဆောင်းရာသီ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကို ဒီဇင်ဘာ ၂၀ ရက် ညနေ ၃ နာရီက ဖလမ်းမြို့ ဗလိုင်ရပ်ကွက် မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲဗိုလ်လုပွဲတွင် ဂျိုကာအသင်းနှင့် ပလက်စတားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပလက်စတားအသင်းကအနိုင်ရရှိသွားသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နောက်တန်းအကောင်းဆုံးအားကစားသမားဆု၊ ပင့်ထောက် အကောင်းဆုံးအားကစားသမားဆု၊ ရိုက်ခုတ်အကောင်းဆုံး အားကစားသမားဆု၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားဆုတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်ထွန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် တတိယဆုရရှိသောအသင်းနှင့် ဒုတိယဆုရရှိသော ဂျိုကာအသင်းတို့အား လည်ဆွဲပြားနှင့် ငွေသားဆုတို့ကိုပေးအပ်ပြီး ပထမဆုရရှိသော ပလက်စတားအသင်းအား ဆုကလပ်၊ လည်ဆွဲပြားနှင့် ငွေသားဆုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ရဲမြင့်အောင်**



❖ စာမျက်နှာ ၁၅ မှ

ပန်တိုင်စစ်ဆေးရေးဂိတ် အရောက်တွင် ဆီဘောက်ဆာကားအမိုးပေါ်ရှိ လေဝင်ရန်ဖွင့်ထားသော အဖုံးများအားပိတ်၍ မောင်းနှင်ခဲ့ကြောင်း၊ ပန်တိုင်စစ်ဆေးရေးဂိတ်ကျော်သည့်အခါ အဖုံးများကို ပြန်ဖွင့်ပေးခဲ့ကြောင်း၊ ထန်းတပင်မြို့နယ် သီတာအေးလမ်းဆုံ စစ်ဆေးရေးဂိတ်အနီးအရောက်တွင် အဖုံးများကို ပြန်ပိတ်၍ မောင်းနှင်ခဲ့ကြောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် နည်းပညာတက္ကသိုလ်အနီးအရောက်တွင် ပိတ်ထားသော အဖုံးများကို လေဝင်စေရန် ပြန်ဖွင့်ပေးခဲ့ရာ ဆီဘောက်ဆာကား နောက်ဆုံးအကန့်တွင် လိုက်ပါစီးနင်းလာသည့် ဘင်္ဂါလီလူမျိုး အမျိုးသား ၁၃ ဦးသည် ပါးစပ်မှအမြှုပ်များထွက်၍ သေဆုံးသွားခဲ့ကြကြောင်း၊ အသက်ရှင်ကျန်သူ ဘင်္ဂါလီလူမျိုး ၂၀ အား အေးခိုင်နှင့် ဇော်ဝင်း(ခ) အလီဘိုင်တို့၏ နေအိမ်များတွင် ထိန်းသိမ်းထားရှိခဲ့ပြီး သေဆုံးသူ ဘင်္ဂါလီ ၁၃ ဦးအား ယင်းနေ့ ည ၇ နာရီခွဲတွင် ဖောကားဖြင့် သယ်ဆောင်ပြီး လှည်းကူးမြို့နယ် ဘားလားကျေးရွာအနီး တပင်ရွှေထီးလမ်းမပေါ်၌ သွားရောက်စွန့်ပစ်ခဲ့ကြခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်များတွင် ဘင်္ဂါလီလူမျိုး ၂၅၅ ဦးအား တရားမဝင်သယ်ဆောင် ထိန်းသိမ်းထားမှုတွင် ပူးပေါင်းပါဝင်ပတ်သက်ခဲ့သည့် တရားခံ အမျိုးသား ၁၂ ဦးတို့အား ဘင်္ဂါလီလူမျိုးများ တရားမဝင်သယ်ယူပို့ဆောင်ရာတွင် အသုံးပြုခဲ့သည့် ဆီဘောက်ဆာယာဉ်တစ်စီး၊ Toyota Vanguard မော်တော်ယာဉ်တစ်စီး၊ Toyota Crown မော်တော်ယာဉ်တစ်စီး၊ Hyundai Starex မော်တော်ယာဉ်တစ်စီး၊ Toyota Probox မော်တော်ယာဉ်နှစ်စီး စုစုပေါင်း မော်တော်ယာဉ်မျိုးစုံ ခြောက်စီးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတရားမဝင်ဝင်ရောက်လာသည့် ဘင်္ဂါလီလူမျိုးများနှင့် တရားမဝင် သယ်ဆောင်ထိန်းသိမ်းထားရှိသူ ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရန်ကျန် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

✳ ဘီဘီစီမှ

ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို ပေးအပ် ချီးမြှင့်တဲ့ ရွှေဘောလုံးဆုကိုလည်း ရယူနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်မှူးမက်ဆီဟာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားအဖြစ် လူအများအပြားရဲ့ အသိအမှတ်ပြုခြင်းကိုလည်း ခံခဲ့ရသလို ကစားသမားဘဝတစ်လျှောက် သွင်းဂိုး စုစုပေါင်း ၇၉၃ ဂိုးအထိရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။

မက်ဆီဟာ ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားလေးကြိမ်၊ စပိန်လာလီဂါဖလား ၁၀ ကြိမ်နဲ့ ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်ပထမတန်း ချန်ပီယံဆုဖလားတစ်ကြိမ်တို့ကို ရယူနိုင်ခဲ့ပြီး ကမ္ဘာ့အကောင်းဆုံး ကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကိုလည်း ခုနစ်ကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။

မက်ဆီဟာ ပြီးခဲ့တဲ့နှစ်က အာဂျင်တီးနားအသင်းအတွက် ကိုပါအမေရိကဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်မှာ ကမ္ဘာ့ဖလားချန်ပီယံဆုဖလားကို ရယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ **ငွေကြယ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၆၄၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၆၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၇၀,၅၂၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၅၇၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၈,၁၄၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦးရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့်(၁၅)ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၉၅ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၀ | ၁၉၆၅ | ၁၉၅၀ | ၁၉၃၀ | ၂၀၂၅ | ၂၀၄၀ | ၁၉၃၅ | ၁၉၄၅ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၀ | ၂၂၀၀ | ၂၇၆၀ |
| 95 Ron | ၁၉၆၅ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၂၀ | ၂၀၀၀ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၅ | ၂၀၂၀ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၇၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၈၀ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၅ | ၂၅၇၅ | ၃၄၈၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၆၀ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၉၅ | ၂၄၉၀ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၅ | ၂၆၅၅ | ၃၅၀၅ |
| HSD (10 ppm) | ၂၃၅၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၆၀ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၉၅ | ၂၄၉၀ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၅ | ၂၆၅၅ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၀၂ | ၁၈၇၂ |
| 95 Ron | ၁၈၆၉ | ၁၉၄၀ |
| HSD (500 ppm) | ၂၁၆၈ | ၂၂၄၁ |
| HSD (50 ppm) | ၂၂၄၂ | ၂၃၁၆ |
| HSD (10 ppm) | ၂၂၄၂ | ၂၃၁၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အားရပါးရ အားထုတ်မယ်

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**



**(ယခင်အပတ်မှအဆက်)**

"ဘယ်စားတော့မလဲဘုရား ရှင်ဘုရင်လိုပဲ သူနဲ့ သင့်တော်တာကိုတော့ နှစ်နှစ်သက်သက် အားရပါးရ စားမှာပေါ့၊ နည်းနည်းစားရုံနဲ့ အဆီဩဇာ ပြည့်တာတော့ ကွာလာတာပေါ့"

"ဒီလိုပဲပေါ့ ဒကာကြီးထားတဲ့ သတိဟာ လယ်သမားနဲ့တူတယ်၊ လယ်သမားထမင်းဝိုင်း လယ်သမားက အားရပါးရစားသလိုပဲပေါ့၊ ရှိတဲ့ သတိကတော့ ရှင်ဘုရင်ရဲ့စားတော်ပွဲကို ရှင်ဘုရင်က စားသလိုပဲပေါ့"

"သြော် .. သဘောပေါက်ပြီဘုရား"

"အင်း–သဘောပေါက်ပေမယ့် ပြောပြရဦးမယ် ဒကာကြီး လယ်သမားနဲ့ ရှင်ဘုရင်ဟာ လူချင်း အတူတူဆိုပေမယ့် အရည်အချင်း၊ စွမ်းပကားချင်း ကတော့ ကွာတာပေါ့လေ"

"မှန်ပါတယ်ဘုရား"

"အဲဒီလိုပဲ အာရုံကို ဂရုစိုက်ပြီး ထားလို့ဖြစ်ရတဲ့ ထားသတိကလည်း သတိပါပဲ။ မိမိစိတ်မှာ အမြဲ မပြတ် ရှိနေအောင်ကြိုးစားနိုင်လို့ သတိဆိုတာ စိတ်မှာပဲရှိနိုင်တယ်၊ စိတ်နဲ့ပဲ ပေါင်းတယ်ဆိုတဲ့ အသိဉာဏ်ကြောင့် ဖြစ်လာ၊ ရှိလာတဲ့သတိက ရှိနေတဲ့ ရှိသတိကလည်း သတိပါပဲ။ ဒါပေမဲ့ သတ္တိ အစွမ်းချင်းတော့ ကွာခြားတာပေါ့"

"သြော် .. ဟုတ်သားပဲဘုရား"

"ထားသတိဟာ အာရုံထင်ရှားတာနဲ့ ပိုပြီး သင့်တော်တတ်တယ်၊ တကယ်တမ်း အာရုံက မထင်ရှားတော့ဘူးဆိုရင် ထားသတိအတွက် ဘယ်ဟာကို၊ ဘယ်နေရာကို ဘယ်လိုအာရုံယူပြီး ထားရမှန်းကိုမသိ ဖြစ်တတ်ကြပါတယ်"

"အင်း သဘောပေါက်အောင် ပြောရတာပေ့ါ နာတာကျင်တာရှုပါလို့ ညွှန်ကြားတဲ့နည်းနဲ့ အားထုတ်တဲ့အခါ နာတာကိုတွေ့ရင် ရှုတတ်တယ်၊ သိသာထင်ရှားတယ်ပေါ့၊ တကယ်လို့များ နာတဲ့ အာရုံက မရှိ၊ မနာတဲ့ အာရုံက ပေါ်လာတဲ့အခိုက် မထင်ရှားတော့ဘူးလေ၊ သူမှတ်နေကျ၊ ရှုနေကျ အာရုံက ရှိမှမရှိတော့ဘဲ"

"သြော် ဟုတ်ပြီဘုရား"

"အဲဒီလိုပဲ တိုးတာကိုသာ သတိထားတတ်သူဟာ မတိုးတဲ့အာရုံပေါ်ရင်၊ ထိတာကိုသာ သတိထားတတ် သူဟာ ထိတဲ့အာရုံပျောက်ရင်၊ မထိတဲ့ အာရုံပေါ်လာရင် သတိမထားတတ်တော့ပါဘူး"

"အဲဒီလိုတော့ ဖြစ်ခဲ့ဖူးပါတယ်ဘုရား"

"အမှန်အတိုင်းပြောရရင် ဘာကိုသာ တွေ့အောင်၊ မြင်အောင် သတိထားရှုပါလို့ ညွှန်းထားရင် အဲဒီ ညွှန်းတဲ့အာရုံကို တွေ့နေရင် သတိကောင်းတယ်၊ အဲဒီအာရုံမရှိရင် သတိမကောင်းဘူးလို့ ထင်ကြတာကများပါတယ်"

"အဲဒီလိုပဲ မဟုတ်လားဘုရား"

"ဒကာကြီးပဲ ဉာဏ်နဲ့ စဉ်းစားကြည့်ပေ့ါ၊ ကိုယ့်ဆရာ၊ ကိုယ့်ဦးပဉ္စင်းက ပြောတာပဲ ဆိုပြီးတော့ မျက်စိမှိတ် မယုံလိုက်ပါနဲ့"

"မှန်ပါဘုရား"

"ဆိုပါစို့ တိုးတဲ့အာရုံရယ် တိုးတာ မထင်ရှားတဲ့အခိုက် မတိုးတဲ့သဘောကတော့ ဖြစ်နေပါတယ်၊ စိတ်ကတော့ သိလိုက်ပါတယ်၊ ယောဂီဆိုတဲ့ လူပုဂ္ဂိုလ်ကသာ မသိရင် နေပါလိမ့်မယ်"

"ဟုတ်တယ်၊ ဖြစ်ဖူးတယ်ဘုရား"

"ကဲ–အဲဒီလိုဖြစ်တော့ တိုးတာကို သိခိုက်ရယ်၊ မတိုးတာကို သိခိုက်ရယ် ဘယ်အချိန်က သတိ ပိုကောင်းတယ် ထင်သလဲ"

"တိုးတာကိုသိတာက သတိပိုပြီးကောင်းတာ ပေ့ါ ဘုရား"

"ကဲ –ဒီလိုဆိုရင် တိုးတဲ့အာရုံနဲ့ မတိုးတဲ့ အာရုံ ဘယ်အာရုံက နူးညံ့သလဲ"

"မတိုးတဲ့အာရုံက နူးညံ့တာပေ့ါဘုရား"

"နူးညံ့တယ်ဆိုတာလောကသဘော သတ်မှတ်ချက်ကို ပြောတာနော်၊ အာရုံချင်းကတော့ အတူတူပါပဲ၊ ပရမတ်ချင်းကတော့ အတူတူပါပဲ"

"မှန်လှပါ ဘုရား"

"ကဲ–ကဲ ဆက်ပြီးမေးမယ်၊ နူးညံ့တဲ့အာရုံနဲ့ ကြမ်းတမ်းတဲ့အာရုံကို ထားနိုင်တဲ့သတိချင်းမှာ ဘယ်ထားသတိက ပိုကောင်းသလဲ"

"သြော်.. သဘောပေါက်ပြီဘုရား၊ အာရုံက နူးညံ့တဲ့သဘော ဖြစ်လာလေလေ၊ အဲဒီသဘောကို သိနိုင်တဲ့သတိကလည်း အားကောင်းလာလေလေ ပေ့ါ၊ ဒီလိုဆိုလိုတာ မဟုတ်လားဘုရား"

"ဟုတ်ပါတယ် ဒကာကြီး ဟုတ်ပါတယ်၊ ကဲ ဒီလောက်ကိုပဲ အသိဉာဏ်ထက်ရင် ဆက်ပြီး ပြောပါဦးမယ်"

"ဉာဏ်တော့ သိပ်မထက်ပါဘူးဘုရား၊ အမိန့် တော့ ဆက်ပြီးရှိပါဦး"

"လောကဥပမာနဲ့ ပြောပြပါမယ်၊ ဆိုကြပါစို့ တောခရီးလမ်းတစ်ခုကို ခရီးသွားနေတဲ့သူနှစ်ယောက် ပေ့ါ၊ တစ်ယောက်နဲ့တစ်ယောက်က တခြားစီသွားနေ ကြတာပါ"

"မှန်ပါဘုရား"

"ဒီတောလမ်းခရီးမှာကလည်း တောကထူထပ်၊ ချုံပုတ်တွေကလည်း လမ်းဘေးမှာ များတယ်၊ နောက်ပြီး ခိုးသားဓားပြ လုယက်တဲ့သူတွေကလည်း ပေါများသတဲ့"

"မှန်ပါဘုရား"

"အေး–ဒါကလည်း လမ်းခရီးအခြေအနေကို ပြောတာပေ့ါ၊ အခုတစ်ခါ ခရီးသွားနှစ်ယောက်ကို ပြောမယ်၊ နှစ်ယောက်စလုံးမှာ ရွှေငွေပစ္စည်းဥစ္စာ ထုပ်တွေ တန်ဖိုးကြီးကြီး ကိုယ်စီပါကြတယ်"

"အင်း–ဒါပေမဲ့ တစ်ယောက်က ကိုယ်ခံအား ရှိသင့်သလောက်တော့ ရှိပါတယ်၊ ခိုးသား ဓားပြတွေ နဲ့တွေ့ရင် အလုခံရတတ်တယ်ဆိုတာ သိတယ်၊ အဲဒီတော့ သူက ခရီးကတော့ သွားနေပါတယ်၊ ဒါပေမဲ့ ဘယ်သစ်ပင်နောက်က၊ ဘယ်ချုံပုတ်ထဲက ဓားပြတွေထွက်လာမလဲလို့ ခိုးသားတွေ ထွက်လာ နိုင်တဲ့ နေရာကို ဂရုတစိုက်နဲ့ ကြည့်ပြီး သွားနေပါတယ်"

"မျက်စိထဲမြင်ပါပြီဘုရား"

"အဲ နောက်တစ်ယောက်ကတော့ ဘယ် ချုံပုတ်၊ ဘယ်သစ်ပင်ကပဲ ခိုးသားဓားပြတွေ ထွက်လာထွက်လာ သူကတော့မမှုပါဘူး၊ အဆင်သင့် ပဲဟေ့ဆိုတဲ့ အနေအထားမှာ အမြဲရှိနေပါတယ်၊ ဒါကြောင့် ဒုတိယလူက သူခရီးသွားနေပါတယ်၊ ဘေးဘီအာရုံတွေကို မကြည့်ပါဘူး၊ ရဲရဲဝံ့ဝံ့ပါပဲ"

"ကဲ–အဲဒီလူနှစ်ယောက်ရဲ့ အခြေအနေကို ဘာထူးတယ်လို့ မြင်သလဲ"

"ဟာ–အရှင်ဘုရားကလည်း တပည့်တော်ရဲ့ စိတ်ထဲမှာ ပုံပေါ်တာပေ့ါ၊ ဘေးဘီကို ဂရုစိုက်ပြီး သွားတဲ့လူက ပျာယီးပျာယာနဲ့ပေ့ါ ကြောက်စိတ်ဝင် နေတယ်လေ၊ ဘေးဘီကို ဂရုမစိုက်ဘဲ ဘယ်သူက လာတိုက်တိုက် အဆင်သင့်ပဲဆိုတဲ့ လူကတော့ အေးအေးဆေးဆေးပဲပေ့ါ၊ ခရီးသွားနေတာချင်း တူပေမယ့် အဲဒီလိုကွာတာပေ့ါ"

"ဟုတ်ပါတယ် ဒကာကြီး အာရုံကို ဂရုစိုက်တဲ့ သတိ ထားသတိနဲ့ အာရုံကို ဂရုမစိုက်ဘဲ မိမိစိတ် မှာသာ အင်အားရှိရှိနဲ့ နေနိုင်လာတဲ့သတိ ရှိသတိ ကတော့ အဲဒီသဘောမျိုးကွာခြားပါတယ်"

"သိပါပြီဘုရား၊ ရှိသတိက ရှင်ဘုရင်၊ ထားသတိ က လယ်သမား၊ ရှိသတိနဲ့နေရင်အေးအေးဆေးဆေး၊ ထားသတိနဲ့နေရင် အားရပါးရရှိတယ်ထင်ရပေမယ့် ပျာယာခတ်ချင်တဲ့ သဘောပါနေတယ်လို့ ဆိုလို ချင်တာ မဟုတ်လားဘုရား"

"အင်း . . ဒကာကြီးက အရိပ်ပြရင် အကောင် မြင်သားပဲ"

"အရှင်ဘုရားက အကောင်မြင်အောင်ပဲ ပြနေတာ မဟုတ်လား၊ တပည့်တော်က အကောင်ကြီး လည်း မြင်ပါပြီ၊ အရိပ်လည်း မြင်ပါပြီ ဘုရား"

"တကယ်တမ်းကတော့ စောင့်သတိ၊ ထားသတိ နဲ့ အားထုတ်တဲ့သူဟာ အာရုံကို ဂရုစိုက်ထားရမှ အားရပါးရ အားထုတ်တယ် ထင်နေတာပဲ၊ အာရုံကို ဂရုမစိုက်ဘဲ နေနိုင်တဲ့သတိမျိုး ရှိလာပြီဆိုရင် အာရုံကို သတိထားသလောက် အားထုတ်ရတာ အားရပါးရမရှိဘူးလို့ ထင်လာကြတာကိုး"

"ဟုတ်တယ်လေ ဒကာကြီး"

"ထားသတိကလည်း ထားသတိရဲ့ အာရုံနဲ့ အားရပါးရ၊ ရှိသတိကလည်း ရှိသတိရဲ့ အာရုံနဲ့ အားရပါးရ၊ ပညာဉာဏ်ရှိလာရင်လည်း ပညာဉာဏ် ရဲ့ အာရုံနဲ့ အားရပါးရ သူ့ခေတ်နဲ့ သူကတော့ အဆင်ပြေနေတာပါပဲဘုရား"

"တယ်ဟုတ်ပါလား၊ သဘောပေါက်သားပဲ"

"လူတွေကသာ လက်ရုံး လက်မောင်းတန်းပြီး ခါးတောင်းကျိုက်ပြီး၊ အံကြိတ်ပြီး၊ ပျာယာ ခတ်ပြီး အတင်းအားရပါးရလုပ်တာကိုသာ တရားအားထုတ် တယ်ထင်နေကြလို့ ခက်နေတာပါ၊ အခုတော့ တပည့်တော် နားလည်သင့်သလောက် နားလည် သွားပါပြီဘုရား"

"သာဓု .. သာဓု .. သာဓုပါ ဒကာကြီး"။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပါ့မယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၂၀)

**ဦးမင်းဟန်(ဘီအေ)**

အိမ်ရှေ့ကုက္ကိုပင်ကြီးအောက်တွင် နှုတ်မှတတွတ်တွတ်နှင့် ဘိုးလေးကြွက်က အရပ်ရှစ်မျက်နှာသို့ မျက်နှာမူကာ မေတ္တာပွားများနေသည်။ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး ဘိုးလေးကြွက်အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီး အောက်သို့ဦးတည်လာနေကြရာမှ ရပ်ကြည့်နေကြသည်။

"လာလာ မြေးတို့ လာလာ ထိုင်ကြ၊ ထိုင်ကြလေ"

ဘိုးလေးကြွက်က သူကိုယ်တိုင်လည်းဝင်ထိုင်လိုက်သည်။ ထိုအခါမှာ မောင်ထူးတို့သုံးဦးလည်း အသာအယာဝင်ထိုင်ကြတော့သည်။

"ဒီနေ့တော့ မြေးတို့အတွက် ပြောင်းဖူးပြုတ်တွေ ဘိုးလေးအိမ်က ပြင်ဆင်ပေးလိုက်တာ စားကြပါဦး" ဘိုးလေးကြွက်က ပြောင်းဖူးပန်းကန်ကို ဖွင့်လိုက်ရာ အငွေ့တထောင်းထောင်းနှင့် ပြောင်းဖူးပြုတ်ရနံ့က မောင်ထူးတို့ သုံးဦးကိုသွားရည်ယိုစေသည်။

"ဟုတ်ကဲ့ ဘိုးလေး မွှေးနေတာပဲနော်"

မောင်ထူးက ပြောင်းဖူးပန်းကန်ဆီသို့ လက်ပြင်ရင်း ပြောလိုက်ရာ ပူစူးမက ဝင်ဟန့်လိုက်သည်။

"ဟဲ့မောင်ထူး နင်ကလည်း ပြောင်းဖူးဆိုလည်း ရှေ့ဆုံးကပဲနော်၊ မပြောလိုက်ချင်ဘူး"

"စားကြ၊ စားကြပါ။ ဒါနဲ့ ပြောင်းဖူးပြုတ်အခွံကို မခွာခင်ရော၊ ခွာပြီးရင်ရော လက်နှစ်ဖက်ကို အရင်ဦးဆုံး ရေနဲ့ဆေးကြောလိုက်ဦးနော်။ အဲဒါမှ ကျန်းမာရေးနဲ့ ညီညွတ်မှာ"

"ဟုတ်ကဲ့ပါ ဘိုးလေး"

ဘိုးလေးကြွက်ပြောသမျှကို မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးသား အသင့်ပါလာသည့် မှတ်စုစာအုပ်အသီးသီးတွင် လိုက်လံရေးမှတ်နေကြသည်။ ဘိုးလေးကြွက်က ရေနွေးကြမ်းပြည့်ပြည့်တစ်ခွက်ကို တစ်ကြိုက်တည်း မော့သောက်လိုက်ပြီးမှ စကားဆက်သည်။

"မြေးတို့ကို စာသင်ခန်းယဉ်ကျေးမှုတွေ ပြောလာတာ မှတ်သားစရာတွေ အတော်လေးတော့များနေပြီပေ့ါ။ ဒါလည်းပဲ ပြောရင်းမှတ်၊ မှတ်ရင်းပြောဆိုသလိုပေ့ါကွယ်။ ပြောရင်းဆိုရင်း တွေ့တာမြင်တာလေးတွေက ရှိနေပြန်တော့လည်း ထပ်ပြောနေရပြန်တာပဲ။ ကုန်နိုင်ဖွယ်မရှိပါဘူး။ မြေးတို့အတွက်တော့ မှတ်သားစရာတွေက ပိုပိုတိုးလာတာ ပေ့ါကွယ်"

"ဟုတ်ကဲ့ ဘိုးလေး မြေးတို့အတွက်ကတော့ မှတ်သားစရာတွေ ချည်းပါပဲ"

"ခုချိန်က ဒုတိယအကြိမ်အရည်အချင်းစစ်ဆေးတဲ့ စာမေးပွဲရာသီ ဖြစ်နေတော့ စာမေးပွဲဖြေဆိုတဲ့အခါ ရိုးသားစွာနဲ့ ကြိုးစားဖြေဆိုကြရမယ်။ မိမိရဲ့စာဖြေဆိုမှုတွေကို သူများကို မပြသရသလို မိမိကလည်း သူများတွေကို မမေးရဘူး။ နောက်ပြီး မသမာတဲ့နည်းတွေနဲ့ အချင်းချင်း အပြန်အလှန်ကူးချရေးတာ၊ စာကူးပေးတာမျိုးတွေ မလုပ်ရဘူးနော်။ အရိုးသားဆုံးနဲ့ ဂုဏ်သိက္ခာရှိရှိဖြေဆိုကြရမယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး"

"နောက်ပြီးတော့ စဉ်းစားမိတာလေးကို ပြောလိုက်ဦးမယ်။ မှတ်သားစရာတွေပါပဲ။ စကားပြောတဲ့အခါ ရှက်ကိုးရှက်ကန်းမဖြစ်ရဘူး၊ ရှက်မနေရဘူးနော်၊ ခပ်မှန်မှန်နဲ့ ပီပီသသပြောဆိုနိုင်ရမယ်။ ရှင်းလင်းပြတ်သားမှု ရှိရမယ်"

"ဟုတ်ကဲ့ ဘိုးလေး မှတ်သားထားပါ့မယ်"

မောင်ထူးတို့သုံးဦးမှာ မှတ်စုစာအုပ်ကိုယ်စီဖြင့် ရေးမှတ်နေကြပြန်သည်။ ဘိုးလေးကြွက်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကြည့်နေရာမှ ဖြည်းဖြည်းချင်းစကားဆက်သည်။

"ဆရာ ဆရာမတွေနဲ့ စကားပြောတဲ့အခါပဲဖြစ်ဖြစ်၊ ပတ်ဝန်းကျင် လူမှုအသိုင်းအဝိုင်းမှာပဲဖြစ်ဖြစ် ရှက်ကိုးရှက်ကန်း မဖြစ်ရဘူးနော်။ အရှိအသေပေးတာက တစ်ပိုင်းပေ့ါကွယ်။ ရဲတင်းလွန်းတဲ့အမူအရာမျိုးလည်း မဖြစ်စေရဘူး။ စကားပြောတဲ့အခါမှာတော့ မျက်နှာချင်းဆိုင်ပြီး ရဲရဲဝံ့ဝံ့နဲ့ စကားလုံးတွေရှင်းလင်းပီသအောင် တည်တည်ငြိမ်ငြိမ်နဲ့ ပြောဆိုနိုင်ရမယ်။ ကြောက်လန့်၊ ရှက်ရွံ့တဲ့ပုံစံမျိုးဖြစ်မနေရဘူးနော်။ ဆရာ ဆရာမတွေနဲ့စကားပြောတဲ့အခါ လေးစားသမှုရှိရမယ်။ ရိုရိုသေသေ ရှိရမယ်။ မိမိကိုယ်ကိုလည်း ယုံကြည်မှုရှိရှိနဲ့ လေးလေးစားစား ပြန်လည်ပြောဆိုကြရမယ်"

"ဟုတ်ကဲ့ ဘိုးလေး မြေးတို့ ကြိုးစားလေ့ကျင့်၊ ကြိုးစားသင်ယူသွားပါ့မယ်"

"မိမိကိုယ်ကို ယုံကြည်မှုရှိရှိ ပြောဆိုဆက်ဆံရာမှာ ယုံကြည်မှုမလွန်ကဲရဘူးနော်။ ကိုယ်ဖြစ်စေချင်တာ ပြောချင်တာမျိုးကို ရဲဝံ့ပြတ်သားစွာ ပြောဆိုနိုင်ရမယ်။ ဆရာ ဆရာမတွေကို ပြောချင်တာပဲဖြစ်ဖြစ်၊ အချင်းချင်းဆက်ဆံရာမှာပဲဖြစ်ဖြစ်၊ ဆရာ ဆရာမက သင်ခန်းစာတွေမေးလို့ ပြန်ဖြေတာမျိုးပဲဖြစ်ဖြစ် ပြန်ပြောဖြစ်တဲ့ အခါမျိုးတိုင်းမှာ ယုံကြည်မှုရှိရှိ၊ ရှင်းလင်းပြတ်သားမှုရှိပြီး ယဉ်ကျေးတဲ့စကားအသုံးအနှုန်းမျိုးနဲ့သာ ပြောဆိုသုံးနှုန်းကြရမယ်"

"ဟုတ်ကဲ့ ဘိုးလေး၊ မြေးတို့ မှတ်သားထားပါ့မယ်"။

# ပါရမီဆယ်ပါးမင်္ဂလာ

**သုတေသီ ဦးသိမ်းဇံ**

**ပညာပါရမီ**

**ပညာရဲရင့်ပွဲလယ်တင့်**

ပန်းပဲဆရာကြီးတွင် လှပတင့်တယ်သည့် သမီးပျိုတစ်ဦးရှိသည်။ သမီးပျိုမယ်ရုပ၏ အလှဂုဏ်မှာ ကျော်ကြားလျက်ရှိသည်။ အခြားသော ပန်းပဲဆရာကြီးတစ်ဦး၏သားဖြစ်သူ မောင်ပုည ကလည်း မယ်ရုပ၏ ဂုဏ်သတင်းကြောင့် လွန်စွာ စိတ်ဝင်စားလျက်ရှိပြီး နီးစပ်နိုင်ရေး အကြံထုတ်နေလေသည်။

"ဟောဒီက အပ်ပါခင်ဗျ၊ အပ်ပါ၊ အကောင်းဆုံးအပ်ပါ"

ပန်းပဲရွာကြီးတွင် အပ်လာရောင်းသည့် မောင်ပုညကို အထူးအဆန်းသဖွယ် အံ့သြဘနန်း ဝိုင်းဝန်းစူးစမ်းကြသည်။ ထိုသို့ ရောင်းချရာတွင်လည်း ပန်းပဲဆရာကြီး၏ အိမ်ရှေ့တွင်သာ ယောင်လည်လည်ဖြင့် ထပ်ပြန်တလဲလဲ အသံပေးကာ အပ်ရောင်းနေပေသည်။

"သမီးရေ အပ်သည်ကို အိမ်ထဲခေါ်လိုက်ပါ"

ပန်းပဲဆရာကြီးက အသံကိုနားစွင့်ရင်းက ထူးဆန်းသည့်အသံနှင့် အမူအရာတို့ကို သတိထားမိသည်။ အိမ်ထဲရောက်လာသည့် မောင်ပုညကို အကဲခတ်ရင်း မေးခွန်းထုတ်လိုက်သည်။

"ဒီရွာဟာ ပန်းပဲရွာကြီးဆိုတာ သိပါတယ်နော်"

"ဟုတ်ကဲ့ သိပါတယ်"

"ဒီရွာက နာမည်ကျော်အပ်တွေ အမြောက်အမြား ထွက်ရှိတာရော အမောင်သိတယ်နော်"

ပန်းပဲဆရာကြီး၏ မေးသမျှကို တလေးတစား ပြန်လည်ဖြေကြားရင်း ထူးခြားသည့်အပ်ပညာကို ပြသရန်သာ စိတ်စောနေလေသည်။

"အမောင်က အပ်ရောင်းချင်တာ အဓိက မဟုတ်ဘဲ ပညာစွမ်းပြချင်တာက အဓိကလို့ ထင်တယ်"

မောင်ပုညက ခေါင်းညိတ်ဝန်ခံလိုက်ရာ ပန်းပဲဆရာကြီးက အပ်ကိုပြသရန်ပြောလေတော့သည်။

"ဆရာကြီးခင်ဗျာ ကျွန်တော်ရောင်းချမယ့် အပ်ရဲ့အကြောင်းကို ဆရာကြီးနဲ့တကွ ဒီရွာက ပန်းပဲသမားတွေရဲ့ ရှေ့မှောက်မှာ ပြသလိုပါတယ်။ ပြခွင့်ရခဲ့ရင်တော့ ပိုပြီးလေးနက်မယ်လို့ ထင်ပါတယ်ခင်ဗျာ"

ပန်းပဲဆရာကြီးက ကျေနပ်စွာပြုံးလိုက်သည်။ ထို့နောက် ပန်းပဲရွာအတွင်းရှိ ပန်းပဲသမားများကို စုဝေးစေလိုက်ပြီး မောင်ပုည ရောင်းချမည့်အပ်ကို ပြသစေတော့သည်။

ထိုအခါ မောင်ပုညသည် နှုတ်ဆက်စကားပြောပြီး တရိုတသေထည့်လာသည့် အပ်ဘူးကို ပန်းပဲဆရာကြီးထံသို့အပ်လိုက်သည်။ သာမန်အပ်များထက် အနည်းငယ်ပိုရှည်ပြီး ပိုတုတ်သည့်ပစ္စည်းကို ကြည့်ကာ မောင်ပုညကို မေးခွန်းထုတ်လိုက်သည်။

"အမောင် ဒါအပ်လား"

"မဟုတ်ပါဘူးဆရာကြီး အပ်ထည့်တဲ့အိမ်ပါ"

ပန်းပဲဆရာကြီးက အပ်ထည့်သည့်အိမ်ကို လက်ဝါးပေါ်တင်လျက် အနီးအဝေးအနေအထားကို ကြည့်သည်။ ကနုတ်ပန်းများ စီခြယ်ထားသည့် အနုလက်ရာမြောက်လှသော အပ်အိမ်ကိုကြည့်ပြီး အပ်ကိုကြည့်ရန် အိမ်ကို ဆွဲဖွင့်သည်။ ဆွဲဖွင့်သော်လည်းမရသဖြင့် မောင်ပုညအား လှည့်ကြည့်ရာ မောင်ပုညက အပ်ဘူးကို လက်သည်းဖြင့်ခြစ်လိုက်ရာ အလိုက်သင့်ပွင့်လာသည်။

အပ်အိမ်ထဲမှ ပစ္စည်းကို ထုတ်ယူကာ ပန်းပဲဆရာကြီးလက်ပေါ်တင်ပေးလိုက်သည်။ ထိုအရာလည်း အပ်မဟုတ်သေးဘဲ အပ်အိမ်သာဖြစ်နေပြန်ရာ ပန်းပဲသမားများအံ့အားသင့်ကြရပြီး စိတ်ဝင်တစားဖြစ်ကုန်တော့သည်။ ထိုမျှသေးငယ်သည့် အပ်အိမ်ကိုလည်း မတွေ့ဖူးကြ။ မောင်ပုညသည် အပ်အိမ်ကို လက်သည်းဖြင့်ခြစ်ပြီး အတွင်းမှထုတ်ပေးလိုက်ရာ

"ဒါကတော့ အပ်အစစ်ဖြစ်ပြီပေါ့"

"အပ်အိမ်ပါပဲ"ဟု ပြန်ဖြေလိုက်သည်။ ထိုမှ သတ္တမမြောက်အပ်အိမ်ရောက်သည်အထိ အပ်အိမ်များကို တစ်ချောင်းချင်းထုတ်ယူကာ အဆုံးမှာ သေးသွယ်သည့်အပ်ကို ပန်းပဲဆရာကြီးထံသို့ အပ်နှံလိုက်တော့သည်။

"ဒီလောက်သေးငယ်ပြီး လက်ရာမြောက်တဲ့ အပ်မျိုး မတွေ့ဖူးသေးဘူး"ဟု ပန်းပဲဆရာများက ချီးကျူးကြသည်။ ထို့အပြင် ပေခုံပေါ်တွင် အပ်ကို တင်ပြီး တူဖြင့် တအားရိုက်ချလိုက်ရာ အပ်သည် ပေခုံကို ထုတ်ချင်းဖောက်ဝင်သွားပြီး အောက်ဘက်အထိ ရောက်သွားသည်။ အပ်၏ စူးရှခိုင်ခံ့မှုကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ကြရသဖြင့် လက်ခုပ်သြဘာပေး၍ချီးကျူးကြလေသည်။

"အမောင့်ကို ချီးကျူးပါတယ်။ အမောင်ဟာ ပညာရဲရင့်ပွဲလယ်တင့်ခဲ့ပါပြီ၊ ထူးခြားတဲ့ပညာရှင်တစ်ယောက်ပါပဲ။ အမောင်ရဲ့ ပွဲလယ်တင့်မှုကြောင့် အမောင့်ကို သမီးနဲ့လက်ဆက်ပေးဖို့အထိ ထိုက်တန်လို့ အမောင်ရဲ့ပညာကို ဂုဏ်ပြုလိုက်ပါတယ်"

မောင်ပုညလည်း အလိုဆန္ဒပြည့်ဝသွားရလေတော့သည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာမင်္ဂလာ

**နိဗ္ဗာန်ကိုမျက်မှောက်ပြုရမယ်**

နိဗ္ဗာနသစ္ဆိကရိယာစ။

"နိဗ္ဗာန်ကို ရည်သန်မျက်မှောက်ပြုရခြင်း၊ နိဗ္ဗာန်တရားတော်မြတ်ကို နှလုံးသွင်းရခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။




၃၈-ဖြာမင်္ဂလာကဗျာများရဲ့ နဝမမြောက်ကဗျာဖြစ်တဲ့ "ခြိုးခြံရေးမင်္ဂလာလေးပါး"ထဲက နံပါတ်လေးမင်္ဂလာတရားပဲ ဖြစ်တယ်။ သားတို့ သမီးတို့၊ မောင်တို့ မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုး ရှေးရှေးအခါတုန်းက . . .။

"သားတို့ရဲ့အဘိုးဟာ ရာဇဂြိုဟ်ပြည်က မဟာဓနသူဌေးကြီးပါပဲ"

မဟာဓနသူဌေးကြီးရဲ့ သမီးက မွေးဖွားလာတဲ့မြေးနှစ်ဦး အရွယ်ရလာလို့ ဘိုးဘွားတွေအကြောင်း မေးမြန်းစူးစမ်းလာတာဖြစ်လို့ မိခင်ဖြစ်သူကပြန်လည်ဖြေကြားလိုက်တာပေါ့ကွယ်။

ဗုဒ္ဓဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည်က ဖြစ်စဉ်တစ်ခုပါပဲ။ မဟာဓနသူဌေးကြီးဟာ အရွယ်ရောက်လာတဲ့ သမီးကို မျိုးတူသူဌေးတစ်ဦးရဲ့သားနဲ့ ထိမ်းမြားလက်ထပ်ပေးဖို့ မိဘအချင်းချင်း စေ့စပ်ကြတယ်။ ဒါကို မနှစ်သက်တဲ့ သူဌေးသမီးက ချစ်သူတွေဖြစ်နေကြတဲ့ အိမ်ကသူရင်းငှားနဲ့ နေအိမ်ကနေ ပစ္စည်းတချို့ကိုယူပြီး အခြားရွာတစ်ရွာသို့ ထွက်ပြေးသွားကြသတဲ့။

ဒီလိုနဲ့ သူတို့ဟာ တိတ်တဆိတ် အိမ်ထောင်ပြုပြီးနေလာကြရာ သားနှစ်ဦး ထွန်းကားလာတယ်။ သားနှစ်ဦး အရွယ်ရလာတဲ့အခါ တခြားကလေးတွေက ဘိုးဘွားဆွေမျိုးတွေအကြောင်း ပြောကြလို့ ကလေးတွေက မိခင်ဖြစ်သူကို ဒီအကြောင်းတွေ မေးမြန်းကြတာပေါ့ကွယ်။

"မေမေ သားတို့ရဲ့ ဘိုးဘွားတွေက ဘယ်မှာလဲဟင်"

"သားတို့ရဲ့အဘိုးဟာ ရာဇဂြိုဟ်ပြည်က မဟာဓနသူဌေးကြီးပေါ့ကွယ်"

"ဒါဆို ဘိုးဘိုးတို့ဆီကို သွားချင်တယ်မေမေ"

သားနှစ်ယောက်က ဘိုးဘွားဆွေမျိုးတွေဆီကို သွားချင်လို့ အကြိမ်ကြိမ်တောင်းဆိုကြတာပေါ့။ သူဌေးသမီးကလည်း အချိန်ကြာလာလို့ မိုက်မိခဲ့တဲ့ အပြစ်တွေကို မိဘတွေက ခွင့်လွှတ်တန်ကောင်းပါရဲ့လို့တွေးကာ မိဘတွေဆီကို ပြန်လာကြတဲ့အခါ သူဌေးကြီးက မြေးနှစ်ဦးကိုသာ လက်ခံထားပြီး အရှက်ခွဲခဲ့တဲ့ သမီးနဲ့သမက်ကို ပစ္စည်းဥစ္စာတချို့ပေးကမ်းကာ အခြားအရပ်သို့သွားရောက်နေထိုင်စေလိုက်တယ်။

"ဒီနေ့ ဘုရားရှင်ထံသွားဖို့ရှိတယ်။ မြေးတို့နှစ်ယောက်စလုံး လိုက်ခဲ့ကြပေါ့"

ဒီလိုနဲ့ မြေးနှစ်ယောက်စလုံး ဘုရားရှင်ထံသို့ နေ့တိုင်းရောက်ပြီး တရားတော်တွေကို နာကြားကြရတယ်။ အချိန်ကြာလာတဲ့အခါ မြေးအကြီးဖြစ်သူက သာသနာ့ဘောင်ကို ဝင်လိုစိတ်ဖြစ်ပေါ်လာကာ အဘိုးဖြစ်သူထံခွင့်ပန်လို့ အဘိုးဖြစ်သူက ခွင့်ပြုပေးတယ်။ ဘုရားရှင်က ကမ္မဋ္ဌာန်းနဲ့ သရဏဂုံသုံးပါးဆောက်တည်စေပြီး ရှင်သာမဏေ ပြုပေးလိုက်ရာ အသက်နှစ်ဆယ်ပြည့်တဲ့အခါ ရဟန်းဘဝကို ရရှိသွားတယ်။ ရဟန်းဘဝမှာ တရားဘာဝနာတွေကို ကျင့်ကြံအားထုတ်တဲ့အတွက် အရဟတ္တဖိုကို ရရှိလို့ ချမ်းသာတရားကို ညီဖြစ်သူကိုလည်း ရရှိစေလိုလာတယ်။

"ချမ်းသာစစ်ကိုရရှိစေတဲ့ သာသနာ့ဘောင်သို့ ညီတော့်ကိုလည်း ဝင်ရောက်ခွင့်ပြုပေးစေချင်တယ်"

"မြေးငယ်လေးအနေနဲ့ ဆန္ဒရှိရင် ခွင့်ပြုပေးပါတယ်ကွယ်"

အဘိုးရဲ့ခွင့်ပြုချက်ရရှိလို့ ညီတော်ကိုလည်း ပရိက္ခရာစုံလင်စွာနဲ့ ရှင်ပြုပေးပြီး စာပေသင်ကြားမှုကို ခံယူစေကာ ဂါထာတော်များကို သင်ကြားစေလေတယ်။ ညီငယ်ဖြစ်သူက ဘယ်လောက်ပင် ကျက်မှတ်သင်ယူပေမယ့် အလွတ်စာပြန်တဲ့အခါ မရဘူးတဲ့ကွယ်။ ဒီလိုဘာကြောင့်ဖြစ်ရတာလဲလို့ အဖြေရှာတဲ့အခါ ရှေးဘဝ ကဿပဘုရားရှင် လက်ထက်တော်တုန်းက ပညာဉာဏ်ထုံတဲ့ ရဟန်းတစ်ပါးကို ကျီစယ်ခဲ့လို့ အခုဘဝမှာ ပြန်လည်ခံစားရတာဖြစ်သတဲ့။

"ငါကဲ့သို့သော သဗ္ဗညုတဘုရား ထင်ရှားစွာရှိပါလျက် ဤသို့မဖြစ်တန်ရာ၊ စာရအောင် ငါကိုယ်တိုင်သင်ပေးမယ်"

လေးလတိုင်အောင် စာသင်အံ ကျက်မှတ်လို့မရတဲ့ညီတော်ကိုနောင်တော်ရဟန်းက သာသနာ့ဘောင်မှ နှင်လွှတ်တဲ့အတွက် ညီတော်ဖြစ်သူက ကျောင်းတော်မှထွက်လာရာ မြတ်စွာဘုရင်းရှင်က ကြိုတင်သိနှင့်ပြီး လမ်းတံခါးဝမှာ စကြံကြွရင်းစောင့်ကာ ဤသို့မိန့်တော်မူပြီး ကျောင်းတော်သို့ ပြန်ခေါ်လာသတဲ့။

"ဒီအဝတ်စကို ဖွတ်နေရင်းက ရာဇောဟရဏံ၊ ရာဇောဟရဏံလို့ဆိုကာ တရားစီးဖြန်းပေတော့"

မြတ်စွာဘုရားရှင်က ညီတော်အား ဖြူစင်တဲ့ ပုဆိုးပိုင်းကိုပေးကာ မိန့်ကြားတော်မူလေတယ်။ ဘုရားရှင် မိန့်ကြားချက်အတိုင်း ကမ္မဋ္ဌာန်းစီးဖြန်းတဲ့အခါ ပုဆိုးပိုင်းကို ဆုပ်နယ်တဲ့အတွက် ကြေးညှော်တွေကပ်ပြီး မကြာမီညစ်နွမ်းမှုကို တွေ့လာရတယ်။

"ဤစင်ကြယ်တဲ့ပုဆိုးဟာ ဥပါဒိန္နကဖြစ်တဲ့ ငါ့ရဲ့ခန္ဓာကိုယ်ကိုမှီပြီး ဖောက်ပြန်ခြင်းဖြစ်တယ်။ ရူပကာယဖြစ်တဲ့ ဒီခန္ဓာဟာ ပျက်စီးတတ်တဲ့သဘောပဲဆိုတာ ကောန်ဖြစ်တယ်။ ငါ့ရဲ့ စေတသိက်ကလည်း ထို့အတူသာ ဖြစ်ပေတယ်"လို့ နှလုံးသွင်းနိုင်လာတဲ့အတွက် သတိ၊ သမာဓိ၊ ပညာပွားများကာ လေးပါးသော ရူပါဝစရစျာန်ကို ရရှိတော့တယ်။ ဆက်လက်ပြီး ဘုရားရှင်ရဲ့ ဒေသနာတော်ကို ထပ်မံကြားနာနေစဉ် ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါးတရားထူးတွေနဲ့ အရဟတ္တဖိုကို ရောက်တော်မူလေသတဲ့ကွယ်။

နိဗ္ဗာနသစ္ဆိကရိယာစ။

"နိဗ္ဗာန်ကို ရည်သန်မျက်မှောက်ပြုခြင်း၊ နိဗ္ဗာန်တရားတော်မြတ်ကို နှလုံးသွင်းရခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ဖော်ဆောင်တဲ့ မှတ်သားစရာပုံဝတ္ထုတစ်ခုပါပဲ။

သားတို့ သမီးတို့၊ မောင်တို့ မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "ခြိုးခြံရေးမင်္ဂလာ"နည်းနာတွေပေါ့ကွယ်။ ။

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

**ဆရာကြည်**

(၇-၁၂-၂၀၂၂ ရက်နေ့မှအဆက်)

**တန်ခိုးဖြင့် သရက်ပင်ကြီးသည် နေ့မကူးဘဲ ချက်ချင်း ပေါက်၊ ပွင့်၊ သီးခြင်း**

ဘုရားရှင်သည် ယနေ့သည် ဝါဆိုလပြည့်ဖြစ်၍ နံနက်စောစောကပင် သာဝတ္ထိမြို့တွင်းကြွ၍ ဇေတဝန်ကျောင်းတော်မှ ဆွမ်းခံကြွလေသည်။ ယင်းအချိန်တွင် ကောသလမင်းကြီး၏ ဥယျာဉ်မှူး ကဏ္ဍသည် ဥယျာဉ်အတွင်းရှိ သရက်ပင်တစ်ပင်၌ ခါချဉ်အုံအတွင်း ကြွင်းကျန်ရစ်သော သရက်ဖြူသီး တစ်လုံးကို တက်၍ ယူလေသည်။ ဥယျာဉ်မှူးသည် ထိုသရက်ဖြူသီးကို မင်းကြီးအား ဆက်သရန် ယူဆောင်လာလေသည်။ ထိုသို့လာနေစဉ် လမ်းခရီး ကြားတွင် ဘုရားနှင့် တွေ့လေသည်။ ဥယျာဉ်မှူး သည် စဉ်းစားသည်။ ဤသရက်သီးကို မင်းကြီးအား ဆက်သလျှင် တစ်ဆယ့်ခြောက်ကျပ်သော အသပြာ ရမည်။ ဘုရားရှင်အား ဤသရက်သီးကို ဆက်ကပ် လှူဒါန်းလျှင် နောင်ဘဝဆက်တိုင်း၌ အကျိုးထူး ရပေအံ့ဟု တွေးတောကြံစည်ပြီး ဤသရက်သီးကို ဘုရားရှင်အား ကပ်လှူလေသည်။

ဘုရားရှင်က လက်ခံရမည့် အခြင်းအရာကို အရှင်အာနန္ဒာက မြင်လေသော် စတုမဟာရာဇ် နတ်မင်းလေးပါးတို့ လှူဒါန်းထားသော သပိတ်တော် ကို အိတ်မှထုတ်၍ ဘုရားရှင်လက်သို့ အပ်လေသည်။ ဘုရားရှင်သည် ယင်းသပိတ်ဖြင့်ခံယူ၍ ထိုင်လိုသော အခြင်းအရာပြသဖြင့် အရှင်အာနန္ဒာက ပခုံးထက်၌ တင်ထားသော သင်္ကန်းကို ခင်းပေးလေသည်။ ထိုအခင်းပေါ်၌ ထိုင်လျက် သရက်သီးကို ဘုဉ်းပေး တော်မူသည်။ ဘုဉ်းပေးပြီးနောက် ဘုရားရှင်သည် ဥယျာဉ်မှူးအား ဤနေရာတွင် သရက်ပင်စိုက်ဟု သရက်စေ့ကို ပေးတော်မူသည်။

ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ဥယျာဉ်မှူး ကဏ္ဍသည် စိုက်ပေးလေသည်။ ဘုရားရှင်သည် စိုက်ပေးသော မြေကြီးပေါ်သို့ လက်ဆေးချတော် မူသည်။ လက်ဆေးရေကျတော်မူလျှင် သရက်ပင် အညှောက်သည် မြေပေါ်မှ တစ်မုဟုတ်ချင်း တိုးတက် ပြီး ခက်မကြီး ငါးဖြာနှင့်တကွ ဝေဝေဆာဆာဖြင့် ဖြာထွက်လာသည်။ အမြင့် အတောင်ငါးဆယ်၊ အကျယ်အားဖြင့် အတောင်တစ်ရာ ရှိလေသည်။ ထို့နောက် ခဏပင် အပွင့်၊ အသီးများ ဖုံးလွှမ်းကာ သရက်သီးမှည့် အခိုင်တို့ဖြင့် တစ်ပင်လုံး ပြည့်နှက် ဖုံးလွှမ်းလျက် ရှိလေသည်။

ဘုရားနောက်မှ လိုက်ပါလာသော ရဟန်း အပေါင်းတို့သည် ယင်းသရက်ပင်မှ သရက်သီးမှည့် များကို သုံးဆောင်ကြလေသည်။ ဤသရက်ပင်သည် ကဏ္ဍဥယျာဉ်မှူး စိုက်ပျိုးအပ်သောကြောင့် ကဏ္ဍမ္ဗ ရုက္ခမည်လေသည်။ ဤအဖြစ်ဆန်းကို ဥယျာဉ်မှူး က ရွှင်လန်းဝမ်းမြောက်ကာ ပီတိဖြစ်လျက် ကခုန် မြူးထူးပြီး သာဝတ္ထိပြည်တွင်းသို့ဝင်၍ အိမ်စဉ်အတိုင်း ကြွေးကြော်ပြီး နန်းတော်တွင်းသို့ ဝင်လေသည်။

ကောသလမင်းကြီးသည် ဤသရက်ပင်ကြီး၏ အကြောင်းကို ကြားသိလျှင် ဝမ်းမြောက်ဝမ်းသာ၍ မင်းချင်းယောကျ်ားတို့အား သွား၍ သရက်ပင်ကို စောင့်ရှောက်ကြဟု အမိန့်ပေးပြီး ဤသရက်ပင်ကို မည်သူတစ်ဦးတစ်ယောက်မျှ မခုတ်ဖြတ်ရဟူ၍ အမိန့်ထုတ်လေသည်။ မင်းသမီး၊ မင်းသား၊ မိဖုရား၊ မှူးမတ်သေနာပတိအားလုံးအား ဘုရားရှင်တန်ခိုး ပြာဋိဟာ ပြသည်၊ ထွက်ကြည့်ကြဟု နှိုးဆော်ထား လေသည်။



ဥယျာဉ်မှူး၏ဘုရားရှင် တန်ခိုးပြာဋိဟာပြမည် ကို ကြားကြသဖြင့် အဝေးမှလာကြသော သူတို့ သည် အချင်းချင်းပြောဆိုပြီး သာဝတ္ထိတစ်ပြည်လုံး အုတ်အုတ်ကျက်ကျက် ဖြစ်ကြလေသည်။ သရက် ပင်မှ ကြွေကျသော သရက်သီးကို စားကြကုန်သော သေသောက်သမားတို့သည် အဝေးမှ ပျက်စီးလာကုန် သော တိတ္ထိတို့အား စားထားသော သရက်အဖတ် တို့ဖြင့်လည်းကောင်း၊ သရက်စေ့တို့ဖြင့်လည်းကောင်း ပစ်ခတ်လျက် သူတို့ဆရာဂေါတမ၏ တန်ခိုးပြမည် ကို တိတ္ထိတို့ ကြုံးဝါးကြောင်း ပြောဆိုကြပါသည်။ ထို့အပြင် သင့်တိတ္ထိတို့သည် ထူးခြားသောတန်ခိုး တို့ကို မပြနိုင်ဘဲ ဘုရားရှင်ပြမည့် သရက်ပင်တို့ကို သင်တို့ ဖျက်ဆီးကြသည်။ ဘုရားရှင် တန်ခိုးပြမည့် သရက်ပင်ကား ဤသရက်ပင်ဟူ၍ တိတ္ထိတို့အား ဆဲရေးခြိမ်းခြောက်လေသည်။

တိတ္ထိတို့လည်း သရက်စေ့တို့ဖြင့် ပစ်ပေါက် ခံရ၍ ရှက်ကြောက်ပြီး သူတို့အတွက် ဆောက်လုပ် ထားသော မဏ္ဍပ်ထဲ၌ စုဝေးကာ နေကြကုန်၏။

**တိတ္ထိဆရာကြီးများ ပျက်စီး၍ ထွက်ပြေးခြင်း**

တိတ္ထိတို့သည် သူတို့အား ပေးထားသော မဏ္ဍပ် တွင် စုရုံးနေကြပါသည်။ သိကြားမင်းသည် လေနတ် သားအား ၎င်းတိတ္ထိနေသော မဏ္ဍပ်ကိုဖျက်ဆီးရန် လေပြင်းတိုက်ခိုင်းလေသည်။ တိုင်ပါ ကျွတ်ထွက် ဖျက်ဆီးလော့ဟု အမိန့်ပေးလိုက်သဖြင့် လေနတ်သား သည် သိကြားမင်း၏ အမိန့်အတိုင်း ဆောင်ရွက် သောကြောင့် တိတ္ထိနေသော မဏ္ဍပ်သည် အပိုင်းပိုင်း ကျိုးပြတ်၍ ပြိုလဲပျက်စီးစေသည်။ ထို့အပြင် သိကြားမင်းသည် နေနတ်သားကိုခေါ်၍ နေဗိမာန် တို့ အောက်ချပြီး တိတ္ထိအပေါ်၌ အလွန်ပူပြင်းစေရန် စေခိုင်းသည်။ နေနတ်သားကလည်း သိကြားမင်း အမိန့်အတိုင်း ဆောင်ရွက်လေသည်။ တစ်ဖန် လေနတ်သားကို လေပွေတိုက်ခတ်ခိုင်းသဖြင့် တိတ္ထိ တို့သည် ချွေးဒီးဒီးကျလျက် ကိုယ်မှာ မြူဖုန်လုံးများ ဖြင့် ဖုံးလွှမ်းမိုးလိမ်းကျလေသည်။

ထို့အပြင် သိကြားမင်းကြီးသည် မိုးနတ်သား အားခေါ်၍ အလွန်ကြီးသည့် မိုးသီးမိုးပေါက်များကို ပြိုးပြိုးပျက်ပျက် ရွာသွန်းစေရန် အမိန့်ပေးသည်။ မိုးနတ်သားကလည်း သိကြားမင်း ပြောသည့်အတိုင်း ဆောင်ရွက်ပေးလေသည်။ တိတ္ထိများ၌ ကပ်နေသော မိုးလုံးများကြောင့် နွားနီကျားများနှင့် တူတော်မူလေ သည်။ သူတို့၏ကိုယ်ကို ပရိသတ်များ မမြင်စေလို၍ ခိုကိုးရာမဲ့ တိတ္ထိများ ထွက်ပြေးကြလေသည်။

ထွက်ပြေးသော တိတ္ထိကြီး ခြောက်ဦးအနက် "ပုရဏကဿပ" တိတ္ထိ အလုပ်အကျွေးပြု ဒါယကာ လယ်သမားတစ်ဦးသည် သူတို့၏ ဆရာတိတ္ထိများ ပြသမည့် တန်ခိုးပြာဋိဟာကို ကြည့်ရှုအံ့ဆိုပြီး နံနက်စောစော လယ်ထွန်ရာမှ နွားများကို ဖြုတ်ခဲ့ လေသည်။ လယ်သမားသည် ၎င်းပါလာသည့် ယာဂု ထည့်သည့် အိုး၊ ကြိုးနှင်တံကိုယူ၍ တန်ခိုးပြရာသို့ လာလေသည်။

ထိုလယ်သမားသည် ရေးကြီးသုတ်ပျာ ပြေးနေ သော ပုရဏကဿပကြီးကိုမြင်၍ အရှင်ဘုရားတို့ ဘယ်မှာတန်ခိုးပြတော်မူသနည်း မေးလေသည်။ ပုရဏကဿပသည် ထိုသူ့ထံမှ ကြိုးနှင့် ယာဂုအိုး ကိုသာ အရတောင်းခံလေသည်။

**ဘုရားရှင်က လက်ခံရမည့် အခြင်းအရာကို အရှင်အာနန္ဒာက မြင်လေသော် စတုမဟာရာဇ်နတ်မင်းလေးပါးတို့ လှူဒါန်းထားသော သပိတ်တော်ကို အိတ်မှထုတ်၍ ဘုရားရှင်လက်သို့ အပ်လေသည်။ ဘုရားရှင်သည် ယင်းသပိတ်ဖြင့်ခံယူ၍ ထိုင်လိုသော အခြင်းအရာပြသဖြင့် အရှင်အာနန္ဒာက ပခုံးထက်၌ တင်ထားသော သင်္ကန်းကို ခင်းပေးလေသည်။ ထိုအခင်းပေါ်၌ ထိုင်လျက် သရက်သီးကို ဘုဉ်းပေးတော်မူသည်။ ဘုဉ်းပေးပြီးနောက် ဘုရားရှင်သည် ဥယျာဉ်မှူးအား ဤနေရာတွင် သရက်ပင်စိုက်ဟု သရက်စေ့ကို ပေးတော်မူ**

ပုရဏကဿပသည် ၎င်းလယ်သမားပေးသော ကြိုးနှင့်အိုးကိုယူ၍ ရေစီးနေသော ချောင်းကမ်းပါး ထိပ်သို့ သွားလေသည်။ ထို့နောက် အိုးထဲသို့ သဲအပြည့်ထည့်ပြီး ၎င်းနှင့်တွဲချည်ထားသောကြိုးကို သူ့လည်ပင်းတွင် ချည်လျက် ရေစီးထဲခုန်ချလေ သည်။ ရေဝဲကြီးထဲသို့ ရောက်သွားပြီး ပုရဏကဿပ ရေထဲ၌ နစ်မြုပ်၍ သေသည်။ ထို့နောက် အဝီစိငရဲသို့ ကျရောက်လေသည်။

**ဘုရားရှင်သည် ရေမီးအစုံ တန်ခိုးပြာဋိဟာ ပြတော်မူခြင်း**

သိကြားမင်းသည် ညချမ်းချိန်ခါ ရောက်သော အခါ ဘုရားရှင်အတွက် ရတနာမဏ္ဍပ်အား ဆောက်လုပ်ပေးရန် ဝိသကြုံနတ်သားအား စေလွှတ်၍ ရတနာခုနစ်ပါးနှင့် ပြီးသော ကြီးကျယ် ခမ်းနားသည့် မဏ္ဍပ်ကို ဆောက်လုပ်စေခဲ့ပါသည်။ ယင်းမဏ္ဍပ်၌ ရဟန်းအပေါင်းတို့သည် သီတင်းသုံး တော်မူသည်။

ဘုရားရှင်သည် တန်ခိုးပြာဋိဟာကို ပြရန် အတွက် ဂန္ဓကုဋိတိုက်မှ ကြွတော်မူလာ၍ ထိုမဏ္ဍပ် အတွင်း၌ သိကြားမင်း၏ အစီအမံဖြင့် ပြုလုပ် ထားသော မြင့်မြတ်သည့် ရတနာပလ္လင်ထက်တွင် ဘုရားရှင်သည် နတ်ထီးဖြူဆောင်းမိုးလျက်သီတင်း သုံးတော်မူလေသည်။


ဘုရားရှင်၏ တန်ခိုးပြာဋိဟာကို ကြည့်ရှုရန် အတွက် ရာဇဂြိုဟ်ပြည်မှလည်းကောင်း၊ သာဝတ္ထိ ပြည်မှလည်းကောင်း လာရောက်ကြကုန်သော လူထုပရိသတ်ကြီးသည် ဤနေရာတွင် စုဝေးနေထိုင် ကြကုန်သည်။ စကြဝဠာတိုက်တစ်ခုလုံး၌ ရှိကြ ကုန်သော နတ်ဗြဟ္မာအပေါင်းတို့ကလည်း တစ်ပြိုင် တည်း စုဝေးရောက်လာကြကုန်သည်။

ထိုသို့ လာရောက်ကြကုန်သော ဘုရားရှင်၏ သာဝကရဟန်းတော်များနှင့် ဥပါသကာများထဲမှ ရှေးဦးစွာ "ဃရဏီ"မည်သော ဥပါသိကာမ၊ စူဠ အနာထပိဏ်၊ ခုနစ်နှစ်အရွယ်ရှိ သာမဏေခီရ၊ ခုနစ် နှစ်အရွယ်ရှိ သာမဏေစုန္ဒ၊ အဂ္ဂသာဝိကာမဖြစ်သော ဥပ္ပလဝဏ်၊ လက်ဝဲရံဖြစ်သော တန်ခိုးအရာ၌ ဧတဒဂ် ရသော အရှင်မောဂ္ဂလာန်စသည့် အသီးသီးတို့သည် ဘုရားရှင်အား လျှောက်ထားလေသည်။ ယခု တန်ခိုး ပြာဋိဟာပြခြင်းကို ဘုရားရှင်အား အပင်ပန်းမခံ ပါနှင့် သူတို့ကို ပြခွင့်ပြုရန် လျှောက်ထားကြ လေသည်။

ဘုရားရှင်သည် သူတို့အသီးသီး လျှောက်ထား ချက်အရ သူတို့တန်ခိုးပြာဋိဟာ ပြနိုင်သည်ကို သူသိ ကြောင်း ပြောကြားမိန့်တော်မူသည်။ ဤနေရာသို့ စုဝေးလာကြကုန်သော သူတို့သည် ဘုရားရှင် ပြသမည့် တန်ခိုးပြာဋိဟာကိုသာ ဖူးမြော်လာကြ သည်။ သူတို့၏ တန်ခိုးကို ကြည့်ရှုရန် လာကြသည် မဟုတ်ကြောင်း ပြောသည်။ ဘုရားရှင်၏ ပြသမည့် တန်ခိုးပြာဋိဟာကိုသာ ကြည့်လို ဖူးမြော်လို၍ လာရောက်စုဝေးကြခြင်းဖြစ်ကြောင်း မိန့်မြွက်သည်။ ထို့အပြင် ဘုရားရှင်က သူ့ဝန်ကို မည်သူမျှ မထမ်းဆောင်နိုင်ကြောင်း၊ ဘုရားရှင်သာ သူမတူ အောင် ထမ်းနိုင်သည်ဖြစ်ကြောင်း၊ ထပ်မံ၍မိန့်မြွက် တော်မူသည်မှာ ဘုရားရှင်က ပါရမီနုစဉ် "နန္ဒိဝိသာလ" နွားမင်းဖြစ်စဉ်ကလည်း သူ၏ဝန်ကို ထမ်းနိုင်သူမရှိ ကြောင်း "နန္ဒိဝိသာလ" ဇာတ်တော်ကို ဟောပြလေ သည်။

(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၉-၁၂-၂၀၂၂ ရက်မှအဆက်

"'မ'..."

'မ'က ကိုဘခက်ကို ရွှန်းရွှန်းစားစား ကြည့်နေမိသည်။ နီထွေးသော နှုတ်ခမ်းနှစ်လွှာကြားမှ ဖြူဖွေးသောသွားကလေးများပေါ်လာအောင် ပြုံးလိုက်သော်လည်း မျက်လုံးအစုံမှ မျက်ရည်များ တလိမ့်လိမ့်စီးဆင်းလာတော့သည်။

"ဆရာ...'မ'လေ အားလုံးကို စွန့်လွှတ်လိုက်ပါပြီ ဆရာ"

'မ' သည် ပြောရင်း ရှိုက်သံများပါလာသည်။ ကိုဘခက်က 'မ' ၏ ပခုံးအစုံကို တယုတယဆုပ်ကိုင်ရင်း တုန်ယင်သောအသံဖြင့် နှစ်သိမ့်လိုက်သည်။

"ကျွန်တော် နားလည်ပါပြီ 'မ' ရယ်။ အနှစ်နှစ် ... အလလ တောင့်တခဲ့ရတဲ့ ဒဏ္ဍာရီတစ်ခုဟာ အခု တကယ်ဖြစ်လာတယ်ဆိုတာ ယုံနိုင်စရာတောင်မရှိတော့ပါဘူး။ ကျွန်တော် ဘယ်လောက်ဝမ်းသာတယ်ဆိုတာ ပြောပြလို့ကို မဖြစ်နိုင်အောင်ပါပဲ။ ခုတစ်ကြိမ် 'မ' ဘယ်လောက်စွန့်စားရတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ ကဲ ... ထွက်လာပုံကလေး ပြောပြစမ်းပါဦး။ ဒီကိုတော့ လိုက်လာမယ် မဟုတ်ပါဘူးနော်"

"မလိုက်နိုင်ပါဘူး ဆရာ။ လိုက်လည်း 'မ' အသက်နဲ့ကိုယ် မြဲနေသရွေ့တော့ ဆရာနဲ့မခွဲပါဘူးဆရာ။ ဒါပေမဲ့ 'မ' တို့ရုံးမှာ အမြန်ဆုံးလက်ထပ်လိုက်ရင် ကောင်းမယ်ထင်တယ်"

ကိုဘခက်က 'မ'ကို ကုလားထိုင်ပေါ်တွင် ထိုင်စေပြီးလျှင် ပြန်ပြောရန် စကားကိုပင် သတိမရနိုင်အောင် ရှိတော့သည်။

'မ' ၏ ရွှန်းပသောမျက်နှာကိုသာ မဝနိုင်သောအကြည့်ဖြင့် စိုက်၍ကြည့်နေမိသည်။

'မ'က ကိုဘခက်၏အဖြစ်ကိုကြည့်ရင်း ငိုအားထက် ရယ်အားသန်မိတော့သည်။

"ကဲ... ဆရာ ငိုင်နေလို့မပြီးသေးဘူးလေ။ မြန်မြန်စီစဉ်မှဖြစ်မယ်။ ဒီစကားကို 'မ' ပြောရတာတောင် ရှက်လာပြီ"

သည်တော့မှလည်း ကိုဘခက်မှာ ပျာပျာသလဲ ဖြစ်နေတော့၏။

"ကိုရဲမောင် ... ဗျို့... ကိုရဲမောင် ... ခဏဗျို့"

နောက်ဖေးပေါက်မှ ဝဝတုတ်တုတ်လူတစ်ယောက် ထွက်လာသည်။

ကိုဘခက်က ထိုလူနှင့် 'မ' ကို မိတ်ဆက်၍ပေးလိုက်သည်။

"ဒါ ကျွန်တော်တို့ဝိုင်းက သီချင်းရေးဆရာ ကိုရဲမောင်လေ၊ တယောလည်း ထိုးတယ်။ ကိုရဲမောင် ... သူကတော့ ကျွန်တော်ပြောပြောနေတဲ့ 'မ' ပေါ့"

'မ' သည် ကိုရဲမောင်ကို မရဲတရဲကြည့်၍ ပြုံးလိုက်သည်။ အမှန်၌ 'မ' သည် ကိုရဲမောင်၏သီချင်းများကို မကြာခဏနားထောင်ဖူးသည်။ ကိုရဲမောင်သီချင်းများသည် အသံသာသည်။ ဆန်းသည်။ စာသားက ကဗျာဂုဏ်မြောက်သည်။

လူနှင့် အနုပညာကို နှိုင်းယှဉ်ကြည့်လျှင် ယုံနိုင်စရာမရှိချေ။ ကိုရဲမောင်၏ သီချင်းများက နုသလောက်၊ နွဲ့သလောက် ကိုရဲမောင်၏ခန္ဓာကိုယ်မှာ ဝဝ၊ မည်းမည်း၊ တုတ်တုတ်၊ ခဲခဲ၊ ကျွဲကြီးကဲ့သို့ ရှိလေသည်။ အသံကာရန် တီးကွက်များ စဉ်းစားရလွန်း၍လားမသိ၊ အသက်ကြီးပုံ မရသေးသော်လည်း ပြောင်၍နေသည်။

"'မ' ရဲ့အကြောင်းကိုတော့ဗျာ အမြဲတမ်းပြောနေတာပါ။ ဒီအကြောင်းပြောနေရရင် တစ်ညလုံး အိပ်တဲ့လူ မဟုတ်ဘူး။ ကဲ ... ဆို၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ကျွန်တော်တို့ရုံးမှာသွားပြီး လက်ထပ်ချင်တယ်။ အဲဒါ ကျွန်တော်လည်း နားမလည်ဘူး။ ခင်ဗျားလိုက်ပြီး စီစဉ်ပေးပါ။ ပြီးတော့လည်း လက်ထပ်ပြီးရင် နေဖို့ထိုင်ဖို့က ..."

ကိုဘခက်က ဆက်ပြောမည့်စကားကို အားနာဟန်ဖြင့် ဖြတ်ထားလိုက်သည်။

ကိုရဲမောင်က အလိုက်သိစွာ သူ၏စေတနာကို ထုတ်ဖော်ပြလိုက်လေသည်။

"ဒါတွေ ဘာမှမပူပါနဲ့။ ကျွန်တော်တို့လည်း လင်ကိုမယားပဲရှိတာ။ ခင်ဗျားတို့လည်း လွတ်လွတ်လပ်လပ်နေချင်ရင် ကျွန်တော်တို့နောက်ဖေးက တဲကလေးမှာ ပြောင်းနေမယ်။ ဒီအခန်းကို ခင်ဗျားတို့သဘောရှိနေ၊ ကဲ ... ကျွန်တော် အဝတ်လဲလိုက်ဦးမယ်"

ကိုဘခက်က ရှေ့ရေးကို တွေး၍ပူသလို 'မ' ကိုယ်တိုင်လည်း ပူမိသည်။

သို့သော် အိမ်ကထွက်လာစဉ်ကပင် ချစ်သူကလွဲ၍ အရာရာကို စွန့်လွှတ်မည်ဟု ဆုံးဖြတ်ပြီးသားဖြစ်သည်။ ထို့ကြောင့် 'တူနှစ်ကိုယ် တဲအိုပျက်မှာနေရ'ဆိုသည့် သီချင်းကလေးကို 'မ'တို့အတွက် မင်္ဂလာတေးတစ်ပုဒ်လိုပင် ဖြစ်နေတော့သည်။ တစ်ခါက စိတ်ကူးယဉ်တေးတစ်ပုဒ်ဟု ထင်ခဲ့သော်လည်း ယခုမူ တကယ့်ဘဝနှင့် မမျှော်မှန်းဘဲ လာ၍တိုက်ဆိုင်နေတော့သည်။

ကိုဘခက်က အဝတ်အစားများလဲပြီးလျှင် 'မ' သေတ္တာများကို အခန်းတွင်းသို့ သယ်ယူလိုက်သည်။ 'မ' က ကိုဘခက် လက်ထဲမှ သေတ္တာများကို အတင်းဆွဲယူလိုက်သည်။

"'မ'ကို ငရဲမပေးပါနဲ့ ဆရာ။ ထဘီတွေပါတယ်"

"ဒါတွေ ကျွန်တော်မယုံပါဘူး 'မ'၊ ကူလီတွေကျတော့ ဘယ်လိုလုပ်မလဲ"

တစ်ယောက်က အတင်းလုယူသော်လည်း တစ်ယောက်က မလွှတ်။ သည်လိုနှင့်ပင် အခန်းတွင်းသို့ ရောက်သွားသည်။

'မ' က သေတ္တာတွင်းမှ လက်ပွေ့အိတ်ကို ထုတ်ယူလိုက်ပြီးလျှင် အပြင်သို့ ထွက်လာခဲ့သည်။ အပြင်တွင် ကိုရဲမောင်နှင့် ကိုဘခက်က 'မ' ကို စောင့်နေကြသည်။

"ခင်ဗျားတို့ ခဏစောင့်နေကြလေ။ ကျွန်တော် ကားတစ်စီး သွားဆွဲမယ်"

'မ' ရင်တွင်း၌ကား လိပ်ပြာတောင်ပံခတ်၍နေလေပြီ။ တစ်သက်နှင့် တစ်ကိုယ် မကြုံဖူးသော စွန့်စားခြင်းတစ်ခုကို စွန့်စားရတော့မည့်အတွက် ရင်တဖိုဖို ရှိတော့သည်။

ကိုဘခက်က 'မ' လက်ဖျားကလေးကို အသာဆုပ်ကိုင်လိုက်သည်။

"ဟင် ... 'မ' လက်တွေအေးလို့ပါလား"

"သတ္တိရှိတယ်ဆိုပေမယ့် ရင်တော့ အခုန်သားပဲ ဆရာ။ လေယာဉ်ပျံပေါ်က လေထီးနဲ့ ခုန်ဆင်းရမယ့်သူတွေဟာ 'မ' လောက် ရင်ခုန်မယ်မဟုတ်ဘူး ထင်တယ်"

"ဘာလဲ ... အမြင့်က အနိမ့်ကို ခုန်ဆင်းရတော့မယ်လို့ တွေးပြီး ကြောက်နေသလား 'မ'ရယ်"

'မ' သည် ကိုဘခက်၏ လက်မောင်းတစ်ဖက်ကို သူ့လက်တစ်ဖက်နှင့် သိုင်း၍ဖက်ထားလိုက်ရှာသည်။

"'မ' ပြောတာက ဒီအဓိပ္ပာယ်နဲ့ပြောတာ မဟုတ်ပါဘူးဆရာ။ ခုမှ မြေကြီးပေါ်မှာ လျှောက်ရတော့မှာမို့ 'မ' ဝမ်းသာတာကိုပြောတာပါဆရာ။

ကိုဘခက်သည် ဘာမျှပြန်မပြောတော့ချေ။ 'မ' ကိုသာ ပြုံး၍ကြည့်နေတော့သည်။

အိမ်ရှေ့မှ ကားဆိုက်သံကြားလျှင် ကိုဘခက်က 'မ' လက်ကို အသာတွဲ၍ ထွက်ခဲ့သည်။

ကားထွက်သည်အထိ တစ်ယောက်နဲ့ တစ်ယောက် စကားမပြောနိုင်ကြ။

ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်။ ကိုရဲမောင်ကမူ ကိုဘခက်ကို နှောက်၍နေသည်။

ကိုဘခက်ကမူ ကိုရဲမောင်ပြောသော စကားများကိုပင် ကြားဟန်မရှိ။ ပြီးမှ မေးရသည်။ ပြီးမှ အလိုက်သင့်ဖြေရသော်လည်း သူ့စိတ်ထဲတွင်ကား စိတ်မဝင်စားနိုင်တော့ချေ။ မဆုံးနိုင်သော အတွေးနောက်သာ တဝေ့ဝေ့ လိုက်နေမိတော့သည်။

ရုံးသို့ရောက်ပြန်တော့လည်း စီစဉ်စရာရှိသည်ကို ကိုရဲမောင်ကပင် စီစဉ်ရသည်။ နောက်ဆုံး တရားသူကြီးရှေ့ ရောက်မှသာလျှင် လက်မှတ်ထိုး၍ မေးသမျှကို ဖြေရသည်။

တရားသူကြီးရှေ့တွင် ကျိမ်းကျိန်သော အခါ 'မ' တစ်ကိုယ်လုံးမှာ တဆတ်ဆတ် တုန်နေတော့သည်။ မျက်ရည်ကလေးများပင် တလည်လည် ရှိနေတော့သည်။

ကိုဘခက်သည် 'မ' ကို အသာဖေး၍ ရုံးခန်းမှထွက်ခဲ့သည်။

'မ' မျက်နှာလေး တစ်ခုလုံးကား ပန်းသွေးရောင် လွှမ်းနေတော့သည်။

အမှန်တော့ 'မ' ဘဝသည် ယခုအချိန်မှစ၍ အခန်းသစ်တစ်ခုကို ပြောင်းလိုက်ခြင်းပင်ဖြစ်သည် မဟုတ်ပါလော။

လူကြီးမိဘတွေအနေဖြင့်တွေးလျှင် ရင်ကွဲစရာကောင်းသည်ဟု ဆိုချင်ဆိုမည်။

မွန်၏ မင်္ဂလာပွဲတုန်းကဆိုလျှင် မြန်မာပြည်မှာ အကြီးဆုံးဟိုတယ်၌ လက်ထပ်သည်။

လူကုံထံမျက်နှာကြီးများ လာကြသည်။ တေးဂီတမြိုင်မြိုင်ဖြင့် မင်္ဂလာဘိသိက်ကို ဖြိုင်ဖြိုင်သွန်းကြသည်။ ရွှေ၊ ငွေ၊ ရတနာ လက်ဖွဲ့ပစ္စည်းများ ပုံထားကြသည်။

လက်ထပ်ပြီးတော့လည်း မင်္ဂလာအိမ်က အသင့်ရှိသည်။ သောင်းကျော်ကားကြီးပေါ်တွင် အမြိန့်သားထိုင်၍ ကိုယ်ပိုင်တိုက်သို့ ပြန်ကြသည်။

ခန်းဝင်ပစ္စည်း အပြည့်အစုံရှိသည်။ ဖဲသားပြောင်ပြောင်မွေ့ရာထုတောင်ထွာပေါ်တွင် အသာနွဲ့၍ စက်ကြသည်မှာ လူ့ဘဝတွင် အမြင့်ဆုံး၊ အသာယာဆုံး စည်းစိမ်ကို ခံစားခြင်းပင် ဖြစ်ပေလိမ့်မည်။

ယနေ့ 'မ' ၏မင်္ဂလာပွဲမှာ အသိသက်သေ ကိုရဲမောင်နှင့်အတူ ရုံး၌လက်ထပ်ကြသည်။ အပြန်တွင် ကိုရဲမောင်တို့လင်မယားနှင့်အတူ လမ်းဘေးခေါက်ဆွဲဆိုင်မှ စားစရာများကို စားပွဲနိမ့်ပေါ်တွင် အပေါစားပန်းကန်များဖြင့် လက်ဆုံစားကြရသည်။ ပြီးတော့လည်း ကိုရဲမောင်တို့ ဖယ်ပေး၍နေရသော ဆယ်ပေပတ်လည် အခန်းကလေးကို တစ်နေကုန်ရှင်းကြရသည်။

အိပ်ခန်းအတွက် ခုတင်၊ မွေ့ရာ၊ ခြင်ထောင် စသည်တို့ကို ဝယ်ယူပြင်ဆင်ရသည်။

တခြားလိုသော ပစ္စည်းများလည်း ဝယ်ရသည်။ တိုလီမိုလီကအစ ဝယ်ရသည်။

